Nyan Lynn Thit Analytica

# အကြမ်းမဖက်အာဏာဖီဆန်ခြင်းအပေါ်

# ပြည်မဒေသလူ့အခွင့်အရေး

# အမျိုးသမီးများ၏

# အခန်းကဏ္ဍ






အကြမ်းမဖက်အာဏာဖီဆန်ခြင်းအပေါ်

# ပညာရေး ကျန်းမာရေး
# ဝန်ထမ်းများ၏
# အခန်းကဏ္ဍ

NLTA
Nyan Lynn Thit Analytica
Vol.1, No.3, January 2023

# မာတိကာ

အမှာစာ စာ-၄

နိဒါန်း စာ-၅

၂
သုတေသနနည်းနာ
စာ-၇

၃
ပင်မတော်လှန်ရေးအင်အားစုမှ
အာဏာဖီဆန်ခြင်းအပေါ်
အမြဲပြဿနာဖွင့်ဆိုချက်
စာ-၈

၄
ပင်မတော်လှန်ရေး
အင်အားစုမှ
အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုအဖြစ်
အလုပ်မှနုတ်ထွက်ရန် ဝန်ထမ်းများကိုတောင်းဆိုခြင်း
စာ-၁၁

၅
စစ်ကောင်စီ၏
လက်နက်ကိုင်တပ်ဖွဲ့များကို
တပ်တွင်းမှထွက်ခွာရန် တောင်းဆိုခြင်း
စာ-၁၄

၆
လူမှုကွန်ရက်စာမျက်နှာပေါ်မှ
ထင်ရှားကျော်ကြားသူများ၏အာဏာဖီဆန်ရေးလှုပ်ရှားမှုအပေါ်
သက်ရောက်မှုများ
စာ - ၁၇

၇
ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၊ အမျိုးသားညီညွတ်ရေး
အတိုင်ပင်ခံကောင်စီ၊ အမျိုးသားညီညွတ်ရေးအစိုးရတို့၏ အကြမ်းမဖက်
အာဏာဖီဆန်ရေးလှုပ်ရှားမှုဆိုင်ရာ ကြေညာချက်များ၏ ထိရောက်မှုများ
စာ - ၂၂

၈
အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုအဖြစ်
လုပ်ငန်းခွင်စွန့်ခွာသူ ဝန်ထမ်းများအပေါ်
စစ်ကောင်စီက တန်ပြန်အရေးယူမှုများ
စာ - ၂၇

၉
ပင်မတော်လှန်ရေးအင်အားစုမှထုတ်ပြန်သော
အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုဆိုင်ရာ
ကြေညာချက်များ၏
ဝိရောဓိများ
စာ - ၃၀

၁၀
လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏
အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုဆိုင်ရာ
ကြေညာချက်
စာ - ၃၄

နိဂုံး
စာ - ၃၆

အတိုကောက်စကားလုံးများ
စာ - ၃၉

ရည်ညွှန်းအကိုးအကား
စာ - ၄၀

# အမှာစာ

လုပ်ငန်းခွင်မှစွန့်ခွာခြင်းဖြင့် စစ်ကောင်စီ၏အာဏာနှင့် ယန္တရားကို ဖြိုချသွားနိုင်လိမ့်မည်ဟူသော ယုံကြည်ချက်ကြောင့် တော်လှန်ရေးအင်အားစုများကြားတွင် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုသည် နွေဦးတော်လှန်ရေးနှင့်အတူ ပေါ်ထွက်လာခဲ့သည်။ မြန်မာ့သမိုင်းတလျှောက် မတူညီသော တော်လှန်ရေးများတွင်လည်း အာဏာဖီဆန်ရေးလှုပ်ရှားမှုများရှိခဲ့သည်။

ဤနွေဦးတော်လှန်ရေးတလျှောက်တွင်လည်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့သည် ပင်မတော်လှန်ရေးအင်အားစုများအဖြစ် ဦးဆောင်ပါဝင်လျက်ရှိပြီး အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်ရန် လှုံ့ဆော်တိုက်တွန်းမှုများရှိခဲ့သည်။ အမှန်တွင် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုသည် အကြမ်းမဖက်သည့်နည်းလမ်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသည့် ဆန္ဒအလျောက် လုပ်ဆောင်နိုင်သော အရာတခုပင်ဖြစ်သည့်အားလျော်စွာ လှုပ်ရှားမှုတွင် ပါဝင်သူ၊မပါဝင်သူများအပေါ် ကန့်သတ်သတ်မှတ်၍မရနိုင်ပါ။ အလားတူစွာ ပင်မတော်လှန်ရေးအင်အားစုများအနေနှင့် အမုန်းတရားကိုအခြေခံသည့် အပျက်သဘောဆောင်သော စကားလုံးအသုံးအနှုန်းများနှင့် အပြုအမူများကို တတ်နိုင်သမျှရှောင်ကြဉ်ရမည်ဖြစ်သည်။ ဤနွေဦးတော်လှန်ရေးတွင် “ဒလန်” ဟူသော စကားလုံးအသုံးအနှုန်းကို တော်လှန်ရေးအင်အားစုများမှ သုံးနှုန်းလေ့ရှိသည်။ သို့သော် ဒလန်များနှင့် လုပ်ငန်းခွင်မစွန့်ခွာသူများကို တတန်းထဲထားသတ်မှတ်၍မရသကဲ့သို့ ထိုသူများအပေါ် အမုန်းတရားအခြေပြုရက်စက်စွာသတ်ဖြတ်ခြင်း၊ အပြစ်ပေးခြင်းများမပြုလုပ်သင့်ပါ။ လူ့အခွင့်အရေးချိုးဖောက်မှုများမဖြစ်စေရန် ပင်မတော်လှန်ရေးအင်အားစုများမှစ၍ လူထုအပါအဝင် Geneva Conventions (ဂျီနီဗာကွန်ဗန်းရှင်း) ကဲ့သို့သော နိုင်ငံတကာသဘောတူညီချက်များကို လိုက်နာရမည်ဖြစ်သည်။ ဤကဲ့သို့ တော်လှန်ရေးအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများမဖြစ်စေရန်၊ တော်လှန်ရေးအလွန်ကာလတွင် အားလုံးပါဝင်နိုင်ပြီး တရားမျှတသောလူ့ဘောင်သစ်တခုဖြစ်လာစေရန် သတိထားသင့်သော အပြုအမူများ၊ အသုံးအနှုန်းများကို သိရှိစေရန်နှင့် ပင်မတော်လှန်ရေး အင်အားစုများအနေဖြင့် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုအပေါ် ပိုမိုကျယ်ပြန့်သောနားလည်မှုများပါဝင်သည့် မူဝါဒများချမှတ်နိုင်ရန် ရည်ရွယ်၍ ဤစာတမ်းကို ထုတ်ဝေရခြင်း ဖြစ်ပါသည်။

## နိဒါန်း

လူထုအားအလုပ်မှနုတ်ထွက်ရန် သို့မဟုတ် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ရန် တောင်းဆိုမှုများနှင့် အားပေးမှုများသည် နွေဦးတော်လှန်ရေးနှင့်အတူ အရှိန်အဟုန်မြင့်လာခဲ့သည်။ လုပ်ငန်းခွင်မှစွန့်ခွာခြင်းဖြင့် စစ်ကောင်စီ၏အာဏာနှင့် အုပ်ချုပ်မှုယန္တရားကို နှောင့်နှေးစေပြီး နောက်ပိုင်းတွင် လုံးဝဖြိုချသွားနိုင်လိမ့်မည်ဟူသော ယုံကြည်ချက်သည် တော်လှန်ရေးအင်အားစုများကြားတွင် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုနှင့်အတူ တစတစ ပေါ်ထွက်လာခဲ့သည်။ ဤယုံကြည်ချက်အားဖြင့် လုပ်ငန်းခွင်မှစွန့်ခွာခြင်းသည် နွေဦးတော်လှန်ရေးအစောပိုင်းတွင် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုအဖြစ် မီးမောင်းထိုးပြခြင်းခံရသည့် အချက်များထဲမှ တခုဖြစ်ခဲ့သည်။ ထို့ကြောင့် ပြည်သူလူထုသည် မိမိတို့၏ ကိုယ်ပိုင်ရွေးချယ်မှုအဖြစ် သက်ဆိုင်ရာ လုပ်ငန်းခွင်များသို့ သွားရောက်ခြင်းကို ရပ်တန့်ခဲ့ကြသည်။ အမှန်တွင် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုသည် မတရားသောဥပဒေများ၊ လူမှုဖွဲ့စည်းပုံများ၊ ဖိနှိပ်မှုများနှင့် မတရားသောအစိုးရကို ဆန့်ကျင်ရန် အကြမ်းမဖက်သည့်နည်းလမ်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသည့် ဆန္ဒအလျောက် လုပ်ဆောင်နိုင်သောအရာတခုပင်ဖြစ်သည်။

ယနေ့ခေတ် အာဏာဖီဆန်ရေးလှုပ်ရှားမှုကဲ့သို့ပင် မြန်မာ့သမိုင်းတလျောက် မတူညီသော တော်လှန်ရေးများတွင်လည်း အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုကို ကျင့်သုံးခဲ့ပြီးဖြစ်သည်။ ဗြိတိသျှ ကိုလိုနီ အုပ်ချုပ်မှုအောက်တွင် တက္ကသိုလ်အက်ဥပဒေကို ဖီဆန်သည့် အမျိုးသားကျောင်းများပေါ်ပေါက်လာခြင်း ၊ ဒိုင်အာခီ အုပ်ချုပ်ရေးနှင့် အခွန်ကောက်ခံမှု ဥပဒေများကို ဆန့်ကျင်သော "ဘူး" အသင်းများ ပေါ်ပေါက်လာခြင်းစသဖြင့် လူထုသည် အကြမ်းမဖက်သောအာဏာဖီဆန်ခြင်းနည်းလမ်းများကို ကျင့်သုံးခဲ့ကြသည်။ လူထု၏ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု တခုဖြစ်သော ၈၈၈၈ လှုပ်ရှားမှုတွင်လည်း တွေ့မြင်နိုင်သည်။ တရားမျှတမှုမရှိသော ဥပဒေဖြင့် နှစ်ပေါင်းများ

စွာ ဖိနှိပ်ခံခဲ့ရသော လူထုသည် ကျောင်းသားလှုပ်ရှားမှုများဖြင့် တနိုင်ငံလုံးအတိုင်းအတာအထိ လူထုဆန္ဒပြပွဲများ ငြိမ်းချမ်းစွာဆင်နွှဲဖော်ထုတ်ခဲ့ကြသည်။

၂၀၂၁ခုနှစ်နွေဦးတော်လှန်ရေးအစောပိုင်းတွင်လည်းလူထုသည်စစ်ကောင်စီပြုတ်ကျစေရန် ရည်ရွယ်ချက်ဖြင့် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ လမ်းမများပေါ်သို့ ထွက်လာခဲ့ကြသည်။ ထိုအစောပိုင်းကာလများတွင် စစ်တပ်က ဆန္ဒပြပွဲများကို ရက်ရက်စက်စက် ဖြိုခွဲပြီးနောက် တော်လှန်ရေးသမားများ အပါအဝင် စစ်ကောင်စီအတွက် စိန်ခေါ်မှုဟုထင်ရသည့် မည်သူကိုမဆို မတရားသဖြင့် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ လုပ်ငန်းခွင်မှ စွန့်ခွာသည့် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုသည် စစ်တပ်ကိုထိတ်လန့်စေသည့် လူထု၏လှုပ်ရှားမှုများအနက် တခုဖြစ်ခဲ့သည်။ ထို့ကြောင့် စစ်တပ်မှလူထုအပေါ် ပြင်းထန်သော ဖိအားပေးမှုများလုပ်ဆောင်ခဲ့ပြီး ရာထူးမှနုတ်ထွက်သူများ သို့မဟုတ် လုပ်ငန်းခွင်မှစွန့်ခွာသွားသူများအား ပစ်မှတ်ထား၍ ၎င်းတို့နှင့် ၎င်းတို့၏ မိသားစုများအား မတရားပြန်ပေးဆွဲခြင်း၊ စစ်ကြောရေးကာလအတွင်း သတ်ဖြတ်ခြင်း၊ ထောင်ချခြင်း၊ ဝန်ထမ်းခံစားခွင့်များကို ပြန်ပေးရန် အတင်းအကျပ် စေခိုင်းခြင်းနှင့် ပြည်ပသွားလာခွင့်များကို ပိတ်ဆို့ခြင်း စသဖြင့် ပါဝင်သည်။

## ၂

# သုတေသနနည်းနာ

ဤစာတမ်းသည် သတင်းမီဒီယာများမှ စုဆောင်းထားသော ဆင့်ပွားအချက်အလက်များကို စုဆောင်းခွဲခြမ်းစိတ်ဖြာခြင်းဖြင့် ရေးသားထားခြင်းဖြစ်ပါသည်။ အရည်အသွေးနှင့်အရေအတွက်အခြေပြု သုတေသနနည်းလမ်းများကိုအသုံးပြု၍ရေးသားထားသည်။သတင်းရင်းမြစ်များအပါအဝင်ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ(NUCC)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့၏ အင်တာဗျူးများနှင့် ကြေညာချက်များမှရရှိသော အချက်အလက်များလည်း ပါဝင်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာအထိ ဉာဏ်လင်းသစ်သုတေသနအဖွဲ့မှ စုဆောင်းထားသော အချက်အလက်များလည်း ပါဝင်ပါသည်။

### ပင်မတော်လှန်ရေးအင်အားစု

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီမှ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသည့် ၂၀၂၀ ရွေးကောက်ပွဲမှ အနိုင်ရ လွှတ်တော်ကိုယ်စားလှယ်လောင်းများက ပြည်ထောင်စု လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) ကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် မတ်လနှောင်းပိုင်းတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအဖြစ် သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ခံများဖြင့် ဖွဲ့စည်းခဲ့သည်။

ဤအဖွဲ့နှစ်ဖွဲ့လုံးသည် လူထု၏ ထောက်ခံမှုကိုအခိုင်အမာရရှိထားပြီး တော်လှန်ရေးနှင့် သက်ဆိုင်သည့်ဦးဆောင်သူများအဖြစ်အသိအမှတ်ပြုခြင်းခံထားရသည်။ထို့အပြင်အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအပါအဝင် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့်လူနည်းစု ဆိုင်ရာအဖွဲ့အစည်းများ အပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ် လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများ၊ပြည်နယ်၊ဖက်ဒရယ်ကိုယ်စားပြု အဖွဲ့၊ ကော်မတီများနှင့် အထူးလေ့လာသူများ ပါဝင်၍ ဖွဲ့စည်းထားပါသည်။NUCC ၏ အခန်းကဏ္ဍသည် လူအများအမြင်တွင် ရှုပ်ထွေးနေသေးသော်လည်း CRPH၊ NUG နှင့်NUCC တို့အားလုံးသည် ကြားကာလ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် မူဝါဒဆိုင်ရာအဖွဲ့အစည်းများဖြစ်ပြီး ပင်မတော်လှန်ရေး အင်အားစု၏ တစိတ်တပိုင်းဖြစ်ကြသည်။

၃

## ပင်မတော်လှန်ရေးအင်အားစုမှ

# အကြမ်းမဖက်အာဏာဖီဆန်ခြင်းအပေါ်

## အဓိပ္ပာယ်ဖွင့်ဆိုချက်

ပင်မတော်လှန်ရေးအင်အားစုသည်အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုကိုအစိုးရဝန်ထမ်းများသာ ပါဝင်သည့် လှုပ်ရှားမှုအဖြစ် သီးသန့်အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို "အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သောဝန်ထမ်းများကို ဖိနှိပ်ခြိမ်းခြောက်သည့် ဝန်ထမ်းများကို အရေးယူရန်" ကြေညာချက်တွင် ဖော်ပြထားချက်အရ သိရသည်။ ***(Myanmar's National Unity Government Promises to Support Striking Civil Servants, 2021)*** NUG မှ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်ခဲ့သော "အစိုးရဝန်ထမ်းများ" ကိုလစာပေးရန်အစီအစဉ်များလည်းရှိကြောင်းပြောကြားခဲ့သည်။ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်ပြီး လုပ်ငန်းခွင်စွန့်ခွာသူများကို အနိုင်ကျင့်ပြီး ခြိမ်းခြောက်နေသော လုပ်ငန်းခွင်မှမစွန့်ခွာသူဝန်ထမ်းများ၏ အချက်အလက်များကို စနစ်တကျ မှတ်တမ်းတင်ထားကြောင်းကိုလည်း ၂၀၂၁ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် ကြေညာချက်အမှတ် ၄/၂၀၂၁ ဖြင့် NUG မှ ကြေညာခဲ့သည်။ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်သူများနှင့် မပါဝင်သူများကို သတ်မှတ်ချက်များဖြင့် မှတ်တမ်းတင်ထားမည်ဟု NUG မှ ပြောကြားခဲ့သည်။

> CDM မပြုလုပ်သည့် ဝန်ထမ်းများသို့
>
> CDM တိုက်ပွဲမှသည် ပြည်သူ့ အစိုးရအုပ်ချုပ်ရေးသို့လာပြီ
>
> လူသတ်သမားနှင့် ပေါင်းသူသည် ၊ လူသတ်သမား သာဖြစ်သည်။
>
> လူသတ်သမားအား ပံ့ပိုးသူသည် ၊ လူသတ်သမားသာဖြစ်သည်။
>
> ပြည်သူကိုသတ်သူသည် ၊ ပြည်သူ့ရန်သူဖြစ်သည် ။
>
> ပြည်သူကို သတ်သူနှင့် ပေါင်းသူသည် ၊ ပြည်သူ့ရန်သူဖြစ်သည် ။
>
> CDM မပြုလုပ်ပဲ ၊ CDM ပြုလုပ်သည့် ၊ ဝန်ထမ်း များအား
>
> အမျိုးမျိုး၊ နှောက်ယှက် ၊ ဒုက္ခပေးသူများ အား
>
> ပြည်သူ့ဘက်တော်သားများနှင့် ပြည်သူ့အစိုးရမှ
>
> လုံးဝ (လုံးဝ) ခွင့်လွှတ်လိမ့်မည် မဟုတ် ။
>
> ပြည်သူကိုသေအောင်သတ်သူနှင့် ထိုက်တန်သော ပြစ်ဒဏ်ကို ပေးမည်ဖြစ်သည် ။
>
> CDM တိုက်ပွဲမှ သည် ၊ ပြည်သူ့ အစိုးရ အုပ်ချုပ်ရေးသို့
>
> ဖက်ဒရယ် ပြည်ထောင်စုကြီးလာပြီ ။
>
> Dr ဇော်ဝေစိုး

*ရင်းမြစ် : ဒေါက်တာဇော်ဝေစိုး၏ လူမှုကွန်ယက်စာမျက်နှာ*

NUG သည် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုကို ထိပ်တန်းဦးစားပေးအဖြစ် သဘောထားပြီး လုပ်ငန်းခွင်သို့မသွားရောက်သည့် နည်းလမ်းဖြင့် အာဏာဖီဆန်နေသောအစိုးရဝန်ထမ်းများအား ကူညီပံ့ပိုးပေးရေးသည် ၂၀၂၁ခုနှစ်၊ ဧပြီလ (၁၆) ရက်

နေ့ကြားကာလအစိုးရဖွဲ့စည်းပြီးချိန်မှစတင်၍ NUG အစည်းအဝေးတိုင်း၏ အစီအစဉ်တခုအဖြစ်အမြဲတစေပါဝင်နေကြောင်း အလုပ်သမားရေးရာဝန်ကြီး ဦးနိုင်သုဝဏ္ဏက ပြောခဲ့သည်။ ***(Announcement (4/2021), 2021)*** ၂၀၂၁ ခုနှစ် မတ်လ နွေဦးတော်လှန်ရေး အစောပိုင်းကာလကတည်းက အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှုနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဒေါက်တာဇော်ဝေစိုးကလည်း “CDMမဟုတ်သူများသည်လုပ်ငန်းခွင်မှမစွန့်ခွာဘဲ စစ်ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်နေသောကြောင့် ထိုက်သင့်သည့် ပြစ်ဒဏ်ကို ခံရမည်” ဟု လုပ်ငန်းခွင်မစွန့်ခွာသူများအပေါ် သူ၏ခံယူချက်ကို ပြောခဲ့ဖူးသည်။ ***(Facebook, 2022)***

ဤထုတ်ပြန်ချက်များသည် အစိုးရဝန်ထမ်းများအားလုံး အလုပ်မှနုတ်ထွက်ပါက စစ်ကောင်စီ၏ အုပ်ချုပ်မှုယန္တရားကို ရပ်တန့်နိုင်သည်ဟူသော ယုံကြည်ချက်မှ ဆင်းသက်လာခြင်းဖြစ်သည်။ ထို့ကြောင့် နွေဦးတော်လှန်ရေး အစောပိုင်းကာလကတည်းကပင် ပင်မတော်လှန်ရေးအင်အားစုမှ အရပ်သားများကို အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ရန် တွန်းအားပေးမှုများစွာရှိခဲ့သည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၉ ရက်က NUG ၏ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ဦးလွင်ကိုလတ်က တော်လှန်ရေးကာလတွင် စစ်ကောင်စီ၏ယန္တရားကို ပံ့ပိုးပေးသော စစ်ကောင်စီလက်အောက်တွင် အလုပ်လုပ်ကိုင်နေသည်။ အဆင့်မြင့်အရာရှိများကိုအကြမ်းဖက်မှုဥပဒေ[1]ဖြင့် အရေးယူမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ သို့သော် ၎င်း၏ ပြောကြားချက်အရ ထိုသူများထဲမှ ကိုယ်ပိုင်အခက်အခဲများကြောင့် လုပ်ငန်းခွင်မှ မစွန့်ခွာနိုင်သည့် ဝန်ထမ်းများရှိနိုင်သောကြောင့် လုပ်ငန်းခွင်မှ မစွန့်ခွာသော ဝန်ထမ်းများအားလုံးကို ဆိုလိုခြင်းမဟုတ်ဟု ရှင်းလင်းခဲ့သည်။ ***(Interview with NUG Minister U Lwin Ko Latt – Radio NUG, 2022)***


> *“စစ်ကောင်စီယန္တရားကိုလည်းပတ်စေတဲ့အဓိကကျတဲ့ ထောက်တိုင်ဖြစ်တဲ့ Non-CDM တွေကို အရေးယူဖို့က အဓိက targetဖြစ်ပါတယ်။ ကျန်တဲ့ Non-CDM တွေထဲမှာအကြောင်းအမျိုးမျိုးကြောင့် စစ်ကောင်စီလက်အောက်မှာ လုပ်နေရပြီး တချိန်မှာ ပြည်သူနဲ့ ပူးပေါင်းမှုတွေလုပ်ဖို့စာရင်းပေးထားတဲ့လူတွေရှိတယ်။ ဒီလိုလူတွေအတွက် လမ်းဖွင့်ပေးထားရမှာဖြစ်တယ်။ စစ်ကောင်စီထောက်တိုင် အကြီးတန်းတွေနဲ့ ပြည်သူကိုဖိအားပေးနေတဲ့ ဝန်ထမ်းကြီးတွေကိုတော့ အကြမ်းဖက်ဥပဒေနဲ့ အရေးယူရမှာဖြစ်တယ် ” (ဦးလွင်ကိုလတ်)*

တဘက်တွင် ဤထုတ်ပြန်ချက်များအရ ပင်မတော်လှန်ရေးအင်အားစုသည် လုပ်ငန်းခွင်မှ မစွန့်ခွာသော ဝန်ထမ်းအားလုံး ပြစ်ဒဏ်ပေးခြင်း သို့မဟုတ် အရေးယူခြင်း မပြုလုပ်လိုဟု နားလည်နိုင်သည်။ ဤသည်မှာ လုပ်ငန်းခွင်မှ စွန့်ခွာလိုသူများအတွက် အပြုသဘောဆောင်သော အားပေးမှုဟု ထင်ရသော်လည်း တဘက်တွင်လည်း အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုကို အပျက်သဘောဆောင်သည့် အဓိပ္ပာယ်

*1. NUG သည် စစ်ကောင်စီ၏တပ်မတော်နှင့် ၎င်းနှင့်ဆက်စပ်လျက် ရှိသော အဖွဲ့အစည်းများအား မြန်မာနိုင်ငံ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ (၃) အရ အကြမ်းဖက် အဖွဲ့အစည်းများအဖြစ် သတ်မှတ်ကြေညာလိုက်သည်။ မြန်မာနိုင်ငံဥပဒေတွင် အကြမ်းဖက်မှု ကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် “အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက် အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်သည့် ပြစ်မှုများ” ကို ကျူးလွန်လျှင် ဥပဒေအရ အကြမ်းဖက်မှုမြောက်သည်။ (“အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်အဖွဲ့အစည်းများကြေညာခြင်း”, 2021)*

ဖွင့်ဆိုချက်များဖြစ်နေသေးသည်။ စစ်ကောင်စီလက်အောက်တွင်ဆက်လက်အလုပ်လုပ်ကိုင်နေသူ(များအနက်မှ)ရာထူးကြီးဝန်ထမ်းတိုင်းသည်တော်လှန်ရေးကိုခြိမ်းခြောက်နေသည် သို့မဟုတ် အန္တရာယ်ပြုနေသည်ဟု တရားသေ သတ်မှတ်၍မရပါ။ စစ်တပ်အတွင်းမှာပင် တော်လှန်ရေးကို ထောက်ခံနေကြသူများ ရှိနိုင်သည်ကိုလည်း ဖယ်ထုတ်ထား၍မရပါ။ ဤတော်လှန်ရေးတွင် "ဖရဲသီး" ကဲ့သို့ စစ်တပ်နောက်ခံအသိုင်းအဝိုင်းမှ ဖြစ်သော်လည်း တော်လှန်ရေးကို ထောက်ခံသူများ ရှိနိုင်သည်ကို မေ့ပျောက်ထား၍ မရပါ။

**"ဖရဲသီး" နှင့်ပက်သက်သည့်ဖြစ်ရပ်–** ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် စစ်ကောင်စီ ပြည်ထောင်စုဝန်ကြီး၊ ဒေါ်သက်သက်ခိုင်မှပြုလုပ်သည့် ပွဲတပွဲတွင် တော်လှန်ရေးအဖွဲ့များက Zoom မှတဆင့်ဝင်ရောက်ခဲ့ပြီး "လုံးဝအုပ်ချုပ်ခွင့်မရစေရ" နှင့်"မုဒိမ်းစစ်တပ် အမြစ်ဖြတ်" ဟူသည့် ဆန္ဒပြ ကြွေးကြော်သံများကို ၎င်းတို့၏ Zoom နောက်ခံပုံများအဖြစ်ပြောင်းလဲခြင်းဖြင့် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ဤလှုပ်ရှားမှုကို စစ်




*တော်လှန်ရေး အင်အားစုများမှ ဒေါ်သက်သက်ခိုင်၏ Online Zoom အစည်းအဝေးတွင် တက်ရောက်ဆန္ဒပြ (ရင်းမြစ်: Yangon Khit Thit Media)*

ကောင်စီလက်အောက်ရှိ လူမှုကယ်ဆယ်ရေး၊ ပြန်ကြားရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအတွင်းမှ ဝန်ထမ်းများ၏ အကူအညီဖြင့်အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်။ ***(စစ်ကောင်စီမှ ဝန်ကြီးဆိုသူ သက်သက်ခိုင် ဦးစီးကျင်းပတဲ့ အွန်လိုင်း Zoom အစည်းအဝေးမှာ "မုဒိမ်းစစ်တပ် အမြစ်ဖြတ်" ၊"လုံးဝ အုပ်ချုပ်ခွင့် မရစေရ" စာသားများဖြင့် ဝင်ရောက် ဆန္ဒပြ, 2022)*** ဤကဲ့သို့သောအခြေအနေများသည် စစ်ကောင်စီလက်အောက်တွင် အလုပ်ဆက်လက်လုပ်ကိုင်နေသော်လည်း တော်လှန်ရေးကိုထောက်ခံသူ ဖရဲသီးများအမြဲရှိနိုင်ကြောင်း သက်သေသာဓကများပင်ဖြစ်ပေသည်။

လက်တွေ့တွင်လည်း အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုသည် လူတန်းစားအလွှာအသီးသီးနှင့် နောက်ခံအမျိုးမျိုးမှ လူများအားလုံးပါဝင်နိုင်သော လှုပ်ရှားမှုဖြစ်သည်။ သို့ဖြစ်၍ အစိုးရအလုပ်ခွင်မှ မစွန့်ခွာသော်လည်း၊ ဆန္ဒပြပွဲများတွင် မပါဝင်သော်လည်း စစ်ကောင်စီကို ဆန့်ကျင်သူ မည်သူ့ကိုမဆို အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်သည်ဟု မှတ်ယူနိုင်သည်။

# ၄

# ပင်မတော်လှန်ရေး အင်အားစု၏

## အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုအဖြစ်

## အလုပ်မှနုတ်ထွက်ရန် ဝန်ထမ်းများအား တောင်းဆိုခြင်း

စစ်အာဏာသိမ်းပြီးနောက်CRPH မှ ယုံကြည်လောက်သော တုံ့ပြန်မှုတခုမှာ ကျန်းမာရေး၊ ပညာရေး၊ ဘဏ်လုပ်ငန်း၊ အုပ်ချုပ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ရဲတပ်ဖွဲ့စသည့် ကဏ္ဍအသီးသီးမှ ဝန်ထမ်းများကို အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ရန် ခေါ်ဆိုခြင်းဖြင့်အရှိန်မြှင့်တင်ခြင်းဖြစ်သည်။ အလုပ်မှနုတ်ထွက်သူများကို အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်သူများအဖြစ် CRPH မှ သတ်မှတ်ထားပြီး၂၀၂၁ ခုနှစ်မတ်လ၃ရက်နေ့နောက်ဆုံးထားပြီးလုပ်ငန်းခွင်မစွန့်ခွာပါကအရပ်သားအစိုးရနှင့် ပြည်သူကိုဆန့်ကျင်သူများအဖြစ်သတ်မှတ်မည်ဟုကြေညာချက်ထုတ်ပြန်ခဲ့သည်။ ***(ကြေညာချက် ၉/၂၀၂၁၊ သမ္မတရုံး၊ CRPH)*** CRPH သည် အစိုးရဝန်ထမ်းများအား အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ရန် နှိုးဆော်သည်သာမက ပုဂ္ဂလိကကဏ္ဍမှဝန်ထမ်းများကိုလည်း အဆိုပါလှုပ်ရှားမှုတွင် ပါဝင်ရန် တိုက်တွန်းခဲ့သည်။ စည်းလုံးညီညွတ်မှုကို ပြသရန်အတွက် အစိုးရဘဏ်ဝန်ထမ်းများနှင့်အတူ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်ရန် ပုဂ္ဂလိကဘဏ်ဝန်ထမ်းများကိုတောင်းဆိုခဲ့သည်။ ***(ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်များနှင့် ဘဏ်ဝန်ထမ်းများ CDM လှုပ်ရှားမှုဆက်တိုက်ပွဲဝင်ရန် CRPH တိုက်တွန်း, 2021)*** ဤကဲ့သို့ CRPH နှင့် NUG တို့သည် ပုဂ္ဂလိကဝန်ထမ်းများအား လုပ်ငန်းခွင်မှစွန့်ခွာရန် ဆွဲဆောင်မှုများရှိခဲ့သော်လည်း ၎င်းတို့အပေါ် ထောက်ပံ့မှုများပေးရန်အာရုံစိုက်မှုမှာ အစိုးရဝန်ထမ်း လုပ်ငန်းခွင်စွန့်ခွာသူများအပေါ် ပံ့ပိုးကူညီမှုနှင့် အာရုံစိုက်မှုများထက် နည်းပါးခဲ့သည်။

အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုကိုအားပေးသည့် CRPH နှင့် NUG ၏နည်းလမ်းများသည် အစိုးရဝန်ထမ်း လုပ်ငန်းခွင်စွန့်ခွာသူများနှင့် NUG စီမံအုပ်ချုပ်


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန
အမိန့်ကြေညာစာအမှတ် (၁/၂၀၂၁)
၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်)

**အလုပ်နေရာနှင့်နစ်နာမှုများအတွက် အာမခံချက်ပေးမည်ဖြစ်ကြောင်း ကြေညာခြင်း**

၁။ အာဏာသိမ်းအကြမ်းဖက်အုပ်စု၏ လက်ပါးစေများက (၂၂-၃-၂၀၂၁) ရက်နေ့တွင် ရုံးများ၊ ကျောင်းများ ပြန်တက်ကြရန် အမိန့်ပေး ညွှန်ကြားချက်များထုတ်ပြန်ပြီး မလိုက်နာပါက အလုပ်မှ ယာယီရပ်ဆိုင်းခြင်း၊ ထုတ်ပယ်ခြင်းနှင့် ဝန်ထမ်းအိမ်ရာများမှ ဖယ်ရှားနိုင်းခြင်းများသည် တရားမဲ့ပြုကျင့်မှုများဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုနှင့် အလုပ်သမားအခွင့်အရေးချိုးဖောက်မှု ဖြစ်သည်။

၂။ ထိုသို့အခွင့်အရေးချိုးဖောက်မှုများကို အပြည်ပြည်ဆိုင်ရာ ကျင့်ထုံးဥပဒေများအတိုင်း တရားစွဲဆို အပြစ်ပေးသွားမည်ဖြစ်သည်။

၃။ အာဏာသိမ်းအကြမ်းဖက်အုပ်စုနှင့် လက်ပါးစေများ၏ မတရားအပြစ်ပေး အရေးယူခံရသော နိုင်ငံ့ဝန်ထမ်းများအား ပြည်သူ့အစိုးရက အလုပ်နေရာနှင့်နစ်နာမှုများကို မူလအတိုင်းပြန်လည်ရရှိစေရေး အတွက် အပြည့်အဝအာမခံမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

(ပုံ)ဒေါက်တာဇော်ဝေစိုး
ခေတ္တပြည်ထောင်စုဝန်ကြီး
အလုပ်သမားဝန်ကြီးဌာန

မှုအောက်တွင် ဆက်လက်အလုပ်လုပ်ကိုင်နေသူများ အတွက် လစာနှင့်အကျိုးခံစားခွင့်များအားလုံးကိုပေးအပ်မည်ဟူသည့် ဆွဲဆောင်မှုများမှတဆင့်ဖြစ်သည်။ တဘက်တွင်လည်းလုပ်ငန်းခွင်မစွန့်ခွာသူများမှာ တော်လှန်ရေးအပြီးတွင်ရာထူးမှထုတ်ပယ်ခံရမည်ဖြစ်ပြီးပြည်သူ့ခုံရုံးတွင်ပြင်းပြင်းထန်ထန်အရေးယူပြစ်ဒဏ်ပေးခြင်းခံရမည်ဖြစ်ကြောင်းထုတ်ပြန်ခဲ့သည်။ ၂၀၂၁ မတ်လ ၂၁ရက်နေ့တွင် စစ်ကောင်စီ၏ အတင်းအကျပ်အလုပ်ထုတ်ပယ်ခြင်းခံခဲ့ရသောဝန်ထမ်းများအားထောက်ပံ့မှုများပေးမည်ဟုလည်း CRPH က ကြေညာခဲ့သည်။ ***(အလုပ်သမားဝန်ကြီးဌာန, 2021)*** နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်တွင် ဆက်လက်လုပ်ကိုင်နေခြင်းသည် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် မပါဝင်ခြင်းဖြစ်သည်ဟူသော ယူဆချက်ဖြင့် CRPH မှ ဝန်ထမ်းအချို့ကို ထုတ်ပယ်မှုများရှိခဲ့သည်။ ထုတ်ပယ်ခံရသော ဝန်ထမ်းအများစုမှာ အရာရှိအဆင့်မှ ညွှန်ကြားရေးမှူးချုပ်အဆင့်အထိ ရာထူးရှိသော ဝန်ထမ်းများဖြစ်ကြသည်။ NUG မှစုစုပေါင်း ဝန်ကြီးဌာန (၉) ခုမှ ဝန်ထမ်း (၁၉၁၄)[2] ယောက်ကျော်ကို အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုအဖြစ် လုပ်ငန်းခွင်မှ မစွန့်ခွာသည့်အတွက် အလုပ်မှထုတ်ပယ်ခဲ့သည်။ ဤဝန်ကြီးဌာန (၉) ခုမှာ – ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နှင့် စွမ်းအင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်၊




ရွေးကောက်ပွဲကော်မရှင်၊ စီမံကိန်းဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ဘာသာရေးနှင့် ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပေါင်းစည်းရေးနှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနများ ဖြစ်သည်။

2. *ညဏ်လင်းသစ်သုတေသနအဖွဲ့မှ ကောက်ယူထားသော အချက်အလက်များ*

မတူညီသောဌာနများအနက်မှပညာရေးကဏ္ဍမှဝန်ထမ်းများကိုကျောင်းမတက်ခြင်းဖြင့်အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်ရန် NUGကအထူးတိုက်တွန်းခဲ့သည်။အခြေခံပညာကျောင်းများကို ၂၀၂၂ ပညာသင်နှစ်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း စစ်ကောင်စီက ကြေညာချက်ထုတ်ပြန်သည့်အခါ ၂၀၂၂ ခုနှစ် မေလ ၂၃ ရက်နေ့တွင် အခြေခံပညာရေးကွန်ဂရက်သို့တက်ရောက်သောကိုယ်စားလှယ်တဦးဖြစ်သည့်ဦးနောင်ချိုက ကျောင်းပြန်တက်ခြင်းမတက်ခြင်းမှာ တဦးချင်းရွေးချယ်မှုဖြစ်သော်လည်းတော်လှန်ရေး၌အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်မှုသည် အရေးကြီးဆုံးဖြစ်ပြီး ပြည်သူအားလုံး စည်းလုံးညီညွတ်စွာ မပါဝင်ပါက တော်လှန်ရေးအောင်နိုင်မည်မဟုတ်သည်ကို သတိရသင့်ကြောင်းပြောခဲ့သည်။ ***(စစ်အာဏာရှင်ယန္တရားကို ဖြိုဖျက်ရန်ပြည်သူလူထုCDM က အရေးကြီးဆုံးဟုအခြေခံပညာရေးညီလာခံမှကိုယ်စားလှယ်ပြော, 2022)*** စစ်ကောင်စီက တဘက်တွင် အုပ်ချုပ်ရေးယန္တရားများကို ထိန်းညှိရန်ကြိုးပမ်းအားထုတ်မှုများစွာ လုပ်ဆောင်နေချိန်တွင် NUGသည်လည်းထိုကဲ့သို့လုပ်ဆောင်မှုများကို ရပ်တန့်ရန်နှင့် ပြည်သူများ လုပ်ငန်းခွင်သို့ပြန်လည်မဝင်ရောက်စေရန် တန်ပြန်လုပ်ဆောင်ခဲ့ကြသည်။တော်လှန်ရေးသည်လက်နက်ကိုင်တော်လှန်ရေးအသွင်ကူးပြောင်းလာသည်နှင့်အမျှ ပညာရေးနှင့် ဘဏ်လုပ်ငန်းကဲ့သို့သောအရပ်ဖက်ဝန်ဆောင်မှုကဏ္ဍများတွင် ပံ့ပိုးထောက်ပံ့မှုများ လျော့နည်းလာပြီး စစ်ကောင်စီလက်အောက်မှ စစ်မှုထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များ စစ်ကောင်စီကို စွန့်ခွာရန်အတွက်ထောက်ပံ့မှုများပေးရေးအပေါ်အာရုံစိုက်မှုမှာ ပိုမို အားကောင်းလာသည်။ ၂၀၂၂ ခုနှစ် မေလခန့်တွင် NUG ပညာရေးဝန်ကြီးဌာနမှ ဒုဝန်ကြီးဒေါက်တာ စိုင်းခိုင်မျိုးထွန်းက ပညာရေးဝန်ထမ်း ၂၄၀,၀၀၀ ခန့်လုပ်ငန်းခွင်စွန့်ခွာခဲ့သော်လည်း ဝန်ကြီးဌာနမှ ၂ ရာခိုင်နှုန်းသာပံ့ပိုးပေးနိုင်ခဲ့ကြောင်းဝန်ခံပြောကြားခဲ့သည်။ အလားတူ ကျန်းမာရေးဝန်ထမ်း ဖ၀,၀၀၀ ခန့် လုပ်ငန်းခွင်စွန့်ခွာခဲ့သော်လည်း တနှစ်အကြာတွင် ၁၀,၀၀၀ ခန့် လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်ခဲ့ကြသည်ကို တွေ့ရသည်။ ထို့အပြင် CDM ဆေးဘက်ဆိုင်ရာကွန်ရက် (CDM Medical Network) ၏ပြောဆိုချက်အရ လက်ရှိတွင် ၄၇,၀၀၀ သာလျှင် လုပ်ငန်းခွင်စွန့်ခွာသူများနှင့် စည်းလုံးညီညွတ်စွာဆက်လက်ရပ်တည်နေဆဲဖြစ်သည်။ ၎င်းတို့အနက် CDM Medical Network သည် လုပ်ငန်းခွင်စွန့်ခွာခဲ့သူဝန်ထမ်း၅၀၀ ခန့်ကိုသာ ငွေကြေးဖြင့် ပံ့ပိုးပေးနိုင်လျက်ရှိသည်ဟု ဆိုသည်။ ***(အရှိန်လျော့ကျလာတဲ့ အာဏာဖီဆန်ရေးလှုပ်ရှားမှု, 2022)***

# ၅

# စစ်ကောင်စီ၏ လက်နက်ကိုင်တပ်ဖွဲ့များကို

## တပ်တွင်းမှ ထွက်ခွာရန် တောင်းဆိုခြင်း

စစ်တပ်မှ စွန့်ခွာလာသော စစ်မှုထမ်းများအား ငွေသားဆုချီးမြှင့်ခြင်းများကို ထပ်ခါတလဲလဲကြေညာသော်လည်း အခြားကဏ္ဍများမှ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားသူများကို ထည့်သွင်းစဉ်းစားမှုနည်းပါးခဲ့သည်။ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်၍ လုပ်ငန်းခွင်မှစွန့်ခွာသူစစ်မှုထမ်းများနှင့် ရဲများကို ပံ့ပိုးရန်အတွက် "ပြည်သူ့ရင်ခွင်" ကို ဖွဲ့စည်းခဲ့ပြီး ***(ပြည်သူ့ရဲနှင့် တပ်မတော်သားများကို ကူညီစောင့်ရှောက်ရေး, 2021)*** ထိုအဖွဲ့တွင် အကြမ်းမဖက်အာဏာဖီဆန်သော စစ်မှုထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုကို ထောက်ခံသော အရပ်သားပြည်သူတို့ပါဝင်သည်။ စစ်တပ်အရာရှိအချို့လည်း အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး ပြည်သူ့ရင်ခွင်အဖွဲ့သို့ဝင်ရောက်ခိုလှုံလာခဲ့သည်။

စစ်မှုထမ်းများနှင့် ရဲတပ်ဖွဲ့ဂင်များကဲ့သို့ လုပ်ငန်းခွင်စွန့်ခွာသူများအတွက် မူဝါဒရေးရာဆွေးနွေးမှုများအပါအဝင် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားသူဖြစ်ကြောင်း တဦးချင်းအတွက် CDM ကိုယ်ပိုင်နံပါတ် (CDM–Code) ထုတ်ပေးခြင်းများကို အမျိုးသားညီညွတ်ရေးအစိုးရ၏ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ စိစစ်လုပ်ကိုင်နေကြောင်း “ပြည်သူ့ရင်ခွင်အဖွဲ့” မှ ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ် အစောပိုင်းကာလ ဩဂုတ်လ ၂၃ ရက်ကတည်းကပင် NUG သည် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်ခဲ့သည့် စစ်မှုထမ်းများနှင့်ရဲများ၏ လစာ၊ လုပ်သက်များနှင့် အလုပ်ရာထူးများအတွက် တာဝန်ယူပေးမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်တွင် အချက် ၅ ချက် ပါဝင်ပြီး အဓိက အားဖြင့် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်သော စစ်မှုထမ်းများ၊ရဲ များနှင့်၎င်းတို့၏မိသားစုဝင်များဘေးကင်းစေရန် အာမခံကြောင်းနှင့် ငွေကြေးထောက်ပံ့ မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ သတိပြုရမည်မှာ စစ်မှုထမ်း များနှင့် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းခွင်မှစွန့်ခွာပြီးနောက် ပြန်လည်ဖမ်းဆီးခံရ လျှင်တပ်ပြေး၊ရဲပြေးအဖြစ် ကြီးလေးသည့်ထောင်ဒဏ်၊ ပြစ်ဒဏ်များချမှတ်ခံရမည် ဖြစ်သည်။ သို့သော် မိမိတို့၏ကိုယ်ပိုင်ခံယူချက်များအရတော်လှန်ရေးတွင် စိတ်အား ထက်သန်စွာပါဝင်ပြီးလုပ်ငန်းခွင်စွန့်ခွာသည့်လှုပ်ရှားမှုအပေါ်ထောက်ပံ့ရန်စဉ်းစား ရာတွင်မူတပ်သား၊အရပ်သားမခွဲခြားဘဲတူညီစွာထောက်ခံအားပေးရန်လိုအပ်သည်။



*လမ်းမပေါ်တွင် သွားလာနေသည့် စစ်ကောင်စီ၏ တင့်ကားတစီး*
*(ရင်းမြစ်: The 74 Media)*

ပင်မတော်လှန်ရေးအင်အားစုသည် စစ်ကောင်စီ လက်အောက်ခံလက်နက်ကိုင် တပ်ဖွဲ့များကို ၎င်းတို့၏ ရာထူးမှ နုတ်ထွက်ရန် ပစ်မှတ်ထားဆွဲဆောင်သည့် ကြေညာချက် အများအပြားကို ပြုလုပ်လျက်ရှိသည်။ ပင်မတော်လှန်ရေးအင်အားစုသည် တဘက်တွင် ဝန်ထမ်းများအား အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်ခြင်းကို သတ်မှတ် သည့်ကာလကျော်လွန်လျှင်လက်မခံတော့ကြောင်း ကြေညာချက်အများအပြားထုတ် ပြန်ခြင်းဖြင့် အလုပ်မှထွက်ခွာရန် ဖိအားပေးသော်လည်း စစ်ကောင်စီမှစစ်မှုထမ်းများ စစ်တပ်ကိုစွန့်ခွာခြင်းကိုယနေ့အချိန်ထိဆက်လက်လက်ခံနေဆဲဖြစ်သည်။"၂၀၂၁ခုနှစ်၊ မတ်လ ၃၁ ရက်နေ့နောက်ပိုင်း အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုမှာ အစိုးရ ဝန်ထမ်းတွေကို လက်ခံတော့မှာမဟုတ်ဘူး"ဟု ဒေါက်တာဇော်ဝေစိုးက ကြေညာထား သော်လည်း ရာထူးမှ နှုတ်ထွက်လာသောစစ်မှုထမ်းအများစုမှာယနေ့အထိ ချီးမြှောက် ခံကြရပြီး ငွေကြေးအားဖြင့်လည်း ထောက်ပံ့မှုများ ရရှိနေကြဆဲဖြစ်သည်။

၂၀၂၂ ခုနှစ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ ပြင်းထန်လာခဲ့ပြီး အပြစ်မဲ့အရပ်သားအများအပြားသေဆုံးခဲ့ရသည်။ ထို့ကြောင့် NUGသည်လေကြောင်းတိုက်ခိုက်မှုများကို လျှော့ချနိုင်စေရန် တန်ပြန်သည့်အနေဖြင့် စစ်ကောင်စီအဖွဲ့ဝင်များအား အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ရန် တိုက်တွန်းကြေညာချက်များ ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်များတွင် တိုက်ခိုက်ရေးယာဉ်၊ရဟတ်ယာဉ်၊ လေယာဉ်များကိုပျက်စီးစေခြင်းဖြင့် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်သည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များအား အမေရိကန်ဒေါ်လာ ၅ သိန်း (သို့မဟုတ်) မြန်မာငွေကျပ် သိန်း ၁ သောင်း ချီးမြှင့်မည်ဖြစ်ကြောင်း ကြေညာထားသည်။ အလားတူ ရဟတ်ယာဉ်များနှင့် တိုက်လေယာဉ်များ လေယာဉ်ကွင်းတွင် ရပ်ထားစဉ် ဖျက်ဆီးခံရပါက ဆုငွေ အမေရိကန်ဒေါ်လာ ၃ သိန်း(သို့မဟုတ်) မြန်မာကျပ်ငွေ သိန်း ၆ ထောင်ချီးမြှင့်မည်ဟုလည်း ကြေညာချက်တွင်ဖော်ပြထားသည်။ ***(လေယာဉ်၊ ရဟတ်ယာဉ်၊ တိုက်ရေယာဉ်နှင့်တကွ ပြည်သူ့ရင်ခွင်သို့ ခိုလှုံလာလျှင် ဆုငွေ အမေရိကန်ဒေါ်လာ ၅ သိန်းချီးမြှင့်မည်ဟု NUG ထုတ်ပြန်, 2022)*** ဤအခြေအနေများကိုကြည့်ခြင်းဖြင့် NUG သည်အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များပါဝင်လာရေးအပေါ် အလေးပေးသည်မှာသိသာထင်ရှားသည်။ ထိုကြေညာချက်များသည် စစ်သားတဦး စစ်တပ်မှစွန့်ခွာသည့်အခါ စစ်ကောင်စီ၏ တိုက်ခိုက်ရေးအင်အားလျော့ကျသွားမည်ဟူသော ယုံကြည်ချက်မှလာခြင်းဖြစ်သည်။

# ၆

# လူမှုကွန်ရက်စာမျက်နှာပေါ်မှ

## ထင်ရှားကျော်ကြားသူများ၏အာဏာဖီဆန်ရေးလှုပ်ရှားမှုအပေါ်

## သက်ရောက်မှုများ

အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုကို လူမှုကွန်ယက်စာမျက်နှာပေါ်မှ ထင်ရှားကျော်ကြားသူများနှင့် လော်ဘီအများအပြားကလည်းအားပေးတိုက်တွန်းမှုများ ပြုလျက်ရှိသည်။ သို့သော်လည်း ထိုသူများမှာ ဤနွေဦးတော်လှန်ရေးတွင် စစ်ကောင်စီပြုတ်ကျရေးဟူသည့် ၎င်းတို့၏စိတ်အားထက်သန်မှုကို အခြေခံ၍ ပြောဆိုလုပ်ဆောင်ကြသည်ကို သတိချပ်ဖို့လိုသည်။ ထို့ကြောင့်စိတ်ခံစားချက်ကို ရှေ့တန်းတင်ဦးစားပေးသည့်လှုံ့ဆော်စည်းရုံးပြောဆိုမှုများရှိနိုင်သည်။ သို့သော် မိမိတို့ပြောဆိုသောစကားလုံးများ၏အကျိုးသက်ရောက်မှုကိုနားလည်ပြီး စကားလုံးရွေးချယ်သုံးစွဲမှုများကို ဂရုတစိုက်ပြုလုပ်သူများလည်း ရှိကြသည်။




*ဦးမင်းကိုနိုင်၏ သတင်းစကား*

The New York Times ၏ရေးသားချက်အရ ဒေါ်အောင်ဆန်းစုကြည်ပြီးနောက် ရေပန်းအစားဆုံး ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူတဦးဖြစ်သည့် ဦးမင်းကိုနိုင်သည် နွေဦးတော်လှန်ရေးတွင် လူထုအား “အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု” တွင် ပါဝင်ရန် ကနဦးတိုက်တွန်းခဲ့သူများအနက်တဦးဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အစောပိုင်းတွင် ဦးမင်းကိုနိုင်က "ဒီအပတ်ဟာ အနာဂတ်မှာ ဘာတွေဖြစ်လာမလဲဆို တာကို ဆုံးဖြတ်ပေးမယ့် အရေးကြီးဆုံးရက်သတ္တပတ်ဖြစ်ပါတယ်"ဟု စတင်ပြောကြား ခဲ့ပါသည်။ ***(Naing, 2021)*** “လုပ်ငန်းခွင်မှစွန့်ခွာခြင်းဖြင့် အာဏာဖီဆန်ရေးလှုပ်ရှားမှု တွင် ပါဝင်သူများအား ဈေးသည်များကပင် ချက်ပြုတ်ကျွေးမွေးမည်ဖြစ်သည်။ CDM တွင်ပါဝင်ရန်ဤခေါ်ဆိုမှုအောင်မြင်ပါကကျွန်ုပ်တို့၏တော်လှန်ရေးသည်လည်းအောင်မြင် မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့နိုင်ငံဟာ စစ်အာဏာရှင်စနစ်ကို တော်လှန်ပုန်ကန်တဲ့တခု တည်းသော နိုင်ငံမဟုတ်ပါဘူး။ ဒါကြောင့် ဒါက လူတိုင်းအတွက် သင်ရိုးသစ်တခုပါ” ဟူ၍ ဦးမင်းကိုနိုင်မှ ပြောခဲ့သည်။***(Naing, 2021)***

တော်လှန်ရေးသမားများမှ လုပ်ငန်းခွင်မှစွန့်ခွာရန် ရွေးချယ်သူများအတွက် ဤကဲ့သို့သော ပြောဆိုချက်များဖြင့်မျှော်လင့်ချက်များပေးခြင်းသည် တော်လှန်ရေး အစောပိုင်းကာလတွင် အမှန်တကယ်ပင် စိတ်အားတက်စရာ ဖြစ်သည်။ သို့သော်လည်း တော်လှန်ရေးသက်တမ်း ၂ နှစ်နီးပါး ကြာမြင့်လာသည်နှင့်အမျှ လုပ်ငန်းခွင်မှစွန့်ခွာပြီး အကြမ်းမဖက်အာဏာဖီဆန်ရေးတွင်ပါဝင်သော ဝန်ထမ်းများကိုယ်တိုင်နှင့် ထိုသူများ ကိုထောက်ပံ့နေသူများအတွက် ခက်ခဲမှုများရှိလာသည်မှာ ငြင်းပယ်၍ မရပါ။ အကြမ်း မဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုကိုထောက်ခံသူ အများစုသည် ၎င်းတို့၏ တတ်စွမ်း နိုင်သည့်ဘောင်အတွင်းမှ ကူညီပေးနေကြခြင်းဖြစ်ပါသည်။ စစ်ကောင်စီလက်အောက် တွင် စီးပွားရေးအရှိန်အဟုန် ကျဆင်းလာသည်နှင့်အမျှ လုပ်ငန်းခွင်စွန့်ခွာခဲ့သော ဝန်ထမ်း များကို ပင်မတော်လှန်ရေးအင်အားစုများမှခိုင်မာတိကျသော ပံ့ပိုးကူညီမှုများမရှိသေး သောကြောင့် ပြည်သူအချင်းချင်းအနေဖြင့်လည်း ဆက်လက်ပံ့ပိုးရန်မှာ ဝန်ထုပ်ဝန်ပိုး ဖြစ်လာခဲ့သည်။

နွေဦးတော်လှန်ရေးတွင် တက်တက်ကြွကြွပါဝင်နေကြသူများစွာရှိသည့် အနက်“ပန်ဆယ်လို” သည် လူတို့၏စိတ်ခံစားမှုများကို ချဲ့ထွင်ရေးသားနိုင်သည့် စိတ် အားထက်သန်မှုကြောင့် လူသိများသည်။ NUG ၏ ကြေညာချက်များအတိုင်းအစိုးရ ဝန်ထမ်းများ အလုပ်မှထွက်ခြင်း၊ ကျောင်းသားများကို ကျောင်းပြန်မတက်စေခြင်း စသည့် အာဏာဖီဆန်မှုများကိုအားပေးသည့် ပို့စ်ပေါင်းများစွာကို ရေးသားခဲ့သည်။ NUG က ထုတ်ပြန်သည့်အတိုင်း စစ်ကောင်စီ အုပ်ချုပ်မှုအောက်တွင် ကျောင်းသားများအား စစ်ကောင်စီဖွင့်လှစ်သောကျောင်းများသို့ ပြန်မသွားကြရန် တိုက်တွန်းသည့်ရေးသား ချက်များစွာလည်းရှိသည်။ ***(ပန်ဆယ်လို, 2022)***

ပန်ဆယ်လို
17 June ·

CDM ကျောင်းသားတွေနဲ့ CDMကျောင်းသားမိဘတွေရော၊ Non-CDM ကျောင်းသားတွေနဲ့ Non-CDM ကျောင်းသားမိဘတွေရော ဖတ်စေချင်တဲ့စာပါ။ NUG ရဲ့ ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွေကို စာရှည်လို့ သေသေချာချာ မဖတ်မိကြမှာစိုးလို့ အတိုချုပ်ရေးပေးမယ်။

CDM ကျောင်းသားတွေအနေနဲ့ တော်လှန်ရေးအောင်မှ ကျောင်းတက်ရင် အသက်က အတန်းထက် ပိုကြီးသွားမလား။ ဥပမာ- ကျောင်းသားက ၆ တန်း။ CDM လုပ်လို့ ကျောင်းမတက်တာ နှစ်နှစ်ဆိုရင် ကျောင်းသားက ၈ တန်းအရွယ်ဖြစ်နေပြီ။ ကျောင်းပြန်တက်ရပြီဆိုပြီး ၆ တန်းက ပြန်တက်ရမှာလား။

မဟုတ်ပါဘူး။ NUG ရဲ့ ကြားကာလပညာရေး အစီအစဉ်တွေ၊ Online Learning Program တွေမှာ လေ့လာသင်ကြားထားပါ။ ကျောင်းပြန်တက်ရတဲ့အခါ ၈တန်းတက်ဖို့ အရည်အချင်းစစ်ဖြေပြီး ၈တန်းကနေ ပြန်လည်တက်ရောက်ရမှာ ဖြစ်ပါတယ်။

Non-CDM ကျောင်းသားတွေကတော့ စကစရဲ့ အောင်လက်မှတ်တွေကို ဘာတစ်ခုမှ ချင်းချက်မရှိ အသိအမှတ်ပြုမှာမဟုတ်ဘူးလို့ တိတိကျကျထုတ်ပြန်ထားတာဖြစ်တဲ့အတွက် Non-CDM တွေအနေနဲ့ကတော့ မူရင်းအတန်းက ပြန်တက်ရဖို့ပဲရှိတယ်။

စကစက ပေးအပ်တဲ့ အောင်လက်မှတ်တွေ၊ ဘွဲ့လက်မှတ်တွေ ဘာတစ်ခုမှ အသုံးဝင်မှာ မဟုတ်ဘူး။ အကုန်ဖျက်သိမ်းခံရမှာပဲ။

ထပ်ပြီး အရေးကြီးတာ ပြောရဦးမယ်။ အခုရထားတဲ့ ဆယ်တန်းအောင်လက်မှတ်၊ တက္ကသိုလ်ဘွဲ့လက်မှတ်တွေ၊ အဲ့က တဆင့်တက်တဲ့ ဘွဲ့တွေအားလုံး ဘယ်နိုင်ငံကမှ အသိအမှတ်ပြုခွင့်မရှိကြောင်း ထုတ်ပြန်ထားပြီးပြီ။ အကြောင်းကြားထားပြီးပြီဆိုတာပဲ။

အဲ့တော့ တက်ချင်သပဆိုတက်ကြ၊ ကိုယ့်ရွေးချယ်မှုပဲ။ အချိန်ကုန်လူပန်း လောက်ကောင်တံဆိပ်ကပ်ခံချင်ရင်၊ တကယ့်ကိုနစ်အောက်ခံချင်ရင် တက်ကြ။

နစ်အောက်ကန်မှာ စိတ်ပူကြသူတွေအတွက် နစ်မအောက်မယ့် အစီအစဉ်တွေ စီစဉ်ထားပေးပြီးသား။ ဒါကိုမှ ကျောင်းသားတွေဘက် ကြည့်ပါဦး ဘာညာ မျက်ရည်ခံလာထိုးရင် တက်စရာကျောင်းမရှိတော့တဲ့ ကျောင်းသားတွေ၊ နေစရာအိမ်မီးရှို့ခံလိုက်ရလို့ စစ်ဘေးရှောင်စခန်းရောက်နေတဲ့ ကျောင်းသားတွေ၊ ထောင်ထဲရောက်နေတဲ့ ကျောင်းသားတွေ၊ ကျောင်းထားစရာ ကျောင်းသားမရှိတော့တဲ့ မိဘတွေက တပြုတ်ကြီး လှန်ပြနေတယ်ဆိုတာပဲ။


ဩော်... မေ့လို့
မဖြေသူနဲ့ သေသူကလွဲရင် အကုန်အောင်တဲ့ ၂၀၂၁-၂၀၂၂ စောက်ကျိုးနည်းဆယ်တန်းအောင်စာရင်းမှာ အောင်တဲ့ကောင်တွေကို သောင်းသောင်းဖျဖျ ဝိုင်းဆဲနေလို့ ဖြေသူတွေ အများကြီးပဲလို့ မထင်လိုက်နဲ့ဦး။

၁၀တန်းကျောင်းသား ၉သိန်းကျော်မှာ ၂သိန်းကျော်ပဲ ဝင်ဖြေခဲ့တာ။ မဖြေတဲ့ကျောင်းသား ၆ သိန်းကျော်ကိုလည်း Congratulations လုပ်ဖို့လိုတယ်။

ဟို၂ သိန်းကျော်ကတော့ ပေတရာပေါ် သွေးမခြောက်သေးခင် လောက်ကောင်လုပ်တာ။ ဆက်သာဆဲကြ။
😩

> *"စစ်သားတစ်ယောက်က ရာထူးက ထွက်သွားရင် တော်လှန်ရေးအဖွဲ့တွေကို ထိခိုက်မယ့်သူ တစ်ယောက်လျော့သွားတယ်ဆိုတာ မှန်တယ်။ ဒါပေမယ့် မှန်ကန်တဲ့ စုံစမ်းစစ်ဆေးမှုတွေ၊ စည်းမျဉ်းစည်းကမ်းတွေမရှိရင် ငါတို့ တော်လှန်ရေးအဖွဲ့သားတွေအတွက် အသေအပျောက်သာ ပိုများလာစေနိုင်တယ်"*

NUG ၏ကနဦးကြေညာချက်အရ ၂၀၂၂ခုနှစ် မတ်လနောက်ပိုင်းတွင် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ထပ်မံပါဝင်ခြင်းကို လက်မခံတော့ကြောင်း ကြေညာထားသော်လည်း စစ်ကောင်စီတပ်ဖွဲ့ဝင်များအား ၎င်းတို့၏ရာထူးမှနုတ်ထွက်ပြီး အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်ရန် အားကောင်းစွာ ဆက်လက်တိုက်တွန်းအားပေးလျက်ရှိသည်။ ပန်ဆယ်လိုသည် ထိုစစ်ကောင်စီလက်အောက်ရှိ လက်နက်ကိုင်တပ်ဖွဲ့များ လုပ်ငန်းခွင်စွန့်ခွာခြင်းအပေါ် NUG ၏ အင်တိုက်အားတိုက် ထောက်ခံမှုနှင့် ပတ်သက်၍ကိုယ်ပိုင်သဘောထားကိုလည်းမျှဝေခဲ့သေးသည်။စစ်ကောင်စီလက်အောက်ခံ လက်နက်ကိုင်တပ်ဖွဲ့များဆီကို ဤကဲ့သို့အလေးပေးဆွဲဆောင်မှုများသည်ယုတ္တိမရှိဟု ရေးသားခဲ့သည်။ ***(ပန်ဆယ်လို, 2022)***





တော်လှန်ရေးတွင် တက်ကြွစွာပါဝင်နေသည့် ရုပ်ရှင်သရုပ်ဆောင် ပိုင်ဖြိုးသုကလည်း ပြည်သူများကို "အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုမှာ ပါဝင်ကြဖို့" ဗီဒီယိုဖိုင်များကို လူမှုကွန်ရက်တွင်တင်ခဲ့သည်။ အနုပညာရှင်များကိုယ်တိုင်အသက်နှင့် ရင်း၍ လူမှုကွန်ယက် စာမျက်နှာတွင်တင်ပြီး ဝန်ထမ်းများအား လုပ်ငန်းခွင်မှ စွန့်ခွာရန် အားပေးတိုက်တွန်းမှုများပြုနေကြောင်း ပြောကာ ဤလှုပ်ရှားမှုသည်တော်လှန်ရေး၏ "အသက်" ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။*(Thu, 2021)* လုပ်ငန်းခွင်စွန့်ခွာ




သူများကို ပံ့ပိုးကူညီရန်အတွက် ကိုယ်ပိုင်လက်မှုပစ္စည်းများကို ရောင်းချခြင်းကဲ့သို့ စွမ်းဆောင်နိုင်သော ရန်ပုံငွေရှာဖွေရေးလှုပ်ရှားမှုများကို ယနေ့အထိ ပြုလုပ်နေဆဲဖြစ်သည်။

*အာဏာဖီဆန်ရေးလှုပ်ရှားမှုတွေမှာ ပါဝင်ဖို့ ဖိတ်ခေါ်နေတာ အလကားမဟုတ်ပါဘူး။ လူတွေဟာ လုပ်ငန်းခွင်ကနေ စွန့်ခွာတဲ့သူတွေကို အမှန်တကယ် ပံ့ပိုးကူညီနေကြပါတယ်။ အသက်ဆုံးရှုံးနေရသူတွေကို မသနားဘူးလား။ အသက်ဆုံးရှုံးခဲ့ရသူတွေကို သနားရင် ကျေးဇူးပြု၍ CDM မှာ ပါဝင်ပါတော့။*



Travel by Naw Htike
5 March 2021 ·

CDM ဝန်ထမ်းတွေအတွက် နောက်ဆုံးအကြိမ် ခေါ်ဆိုခြင်းပါ။

(၈.၃.၂၀၂၁) ကစပြီး ရုံးတတ်တဲ့သူတိုင်းဟာ သူတို့ကိုယ်တိုင်သာမက သူတို့မိဘ၊ အဘိုးအဘွား၊ သူတို့သားသမီး မြေးမြစ်တွေအထိ "ဘဝသေတော့မှာပါ"

ဘဝ သေတယ်ဆိုတာ လူ့တံထွေးခွက်ထဲမှာ သေသည်အထိနေရမှာ။
ဖျားနာလို့ ဆေးကုမယ်ဆိုရင်တောင် ဆေးကုပေးမယ့်သူမရှိတာ။
ယုတ်စွအဆုံး ရေဆာလို့ ရေဝယ်သောက်မယ်ဆို ရေရောင်းမယ့်သူမရှိတာ။

ထပ်ပြောပါမယ်
ပြည်သူတွေက တအားနာနေပါပြီ။
ရန်/ငါ ပြတ်နေပါပြီ။
ရတဲ့နည်းတဲ့ အပြုတ်ဆော်ဖို့ ကြိုးစားနေပါပြီ။

အရင်ကလို မေတ္တာရှင်ကြီးတွေမဟုတ်တော့ဘူး။
မျက်ရည်ထိုးခံလည်း စထွေးခွက်ထဲကနေ ထွက်မရအောင် ဝိုင်းသမ မှာပါ။
သေအောင်တော့ မသတ်ဘူးစိတ်ချ။

အဲ့လိုဘဝမျိုးမှာ တစ်သက်လုံးနေချင်ရင်တော့ သဘောပါ။
မတရားမှုကို လစ်လျူရှုတဲ့သူတိုင်းဟာ ဘဝ အဆက်ဆက် လူ့မစင်တွေကြားထဲ အသက်ဆက်ရမယ်ဆိုတာကို မယုံဘူးဆို သဘောပါ။

လမ်းမှာတွေ့ရင်တော့ "ထွီ" ခနဲ့ အထွေးမခံရအောင် ဂရုစိုက်ပါ။

Edit - အစိုးရရုံးဝန်ထမ်းတွေ ဦးစားပေး ရုံးမတက်ရပါဘူး။ ပုပ္ပလိက ဘဏ်ဝန်ထမ်းများနဲ့ CDM လုပ်သူများအားလုံးကို လေးစားပါတယ်။

#CivilDisobedienceMovement

**CDM မပြုလုပ်သူဝန်ထမ်းများ ခင်ဗျား**

ယခုအကြိမ်သည် နောက်ဆုံးအကြိမ် ခေါ်ယူခြင်း၊ တောင်းပန်ခြင်း ဖြစ်ပါသည်။ CDM တံခါး ပိတ်ပါတော့မည်။ အများနဲ့ အမှန်၊ တရားမှုနဲ့ မတရားမှု ၊ ခမ္မနဲ့ အဓမ္မ ခွဲခြားပါတော့မည်။ ပြည်သူဘက်မှာ ရပ်မှာလား၊ အာဏာရှင် လူသတ်သမားများ ဘက်မှာ ရပ်မှာလား ဆုံးဖြတ်ကြပါ။ အကယ်၍ CDM မပြုလုပ်ပါက ၊ ယခုလာမည့် **တနင်္လာနေ့ ၈/၃/၂၀၂၁** နေ့မှ စ၍ ရုံး တက်ရန် မလိုတော့ပါ။ ပြည်သူ့အစိုးရမှ ၊ ယခု နွေဦးတော်လှန်ရေး ၂၀၂၁ အရေးတော်ပုံတွင် ကျဆုံးခဲ့ကြသော ဝန်ထမ်းများနှင့် ပြည်သူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် ရုံးပိတ်ရက်
**၁၀ရက် ကြေငြာတော့မည် ဖြစ်ပါသည်။**
သက်ဆိုင်ရာ ဌာနများ၊ ရုံးများ၊ ကျောင်းများ၊ တက္ကသိုလ်များကို CDM ဝန်ထမ်းများ၊ ဆရာများ၊ ကျောင်းသားများမှ သိမ်းယူ၍ ပြည်သူ့အစိုးရနှင့် ပူးပေါင်းကာ ဆန္ဒပြကြတော့မည် ဖြစ်ပါသည်။

CDM မပြုလုပ်သည့် ဝန်ထမ်းများအား ပြည်သူ့အစိုးရမှ အမိန့်စာ ထုတ်ပြန်၍ ပြည်သူ့အကျိုးကို လစ်လျူရှုသူများအဖြစ် ကြေငြာတော့မည်ဖြစ်ပါသည်။

ဒေါက်တာ ဇော်ဝေစိုး - ခေတ္တပြည်ထောင်စုဝန်ကြီး

ခရီးသွားဘလော့ဂါ နော်ထိုက် သည်လည်း ၂၀၂၁ ခုနှစ် အစောပိုင်းကတည်းက အာဏာဖီဆန်ရေးလှုပ်ရှားမှုအပေါ် သူမ၏ ထင်မြင်ယူဆချက်များကို ရေးသားဖော်ပြခဲ့သည်။ လုပ်ငန်းခွင်မစွန့်ခွာသူတို့၏သမိုင်းသည် မျိုးဆက်ပေါင်းများစွာ သေသွားမည်ဖြစ်ကြောင်း ပြတ်ပြတ်သားသားပြောခဲ့သည်။ NUG ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဇော်ဝေစိုး၏ ၂၀၂၁ ခုနှစ် မတ်လ ၈ ရက်နေ့နောက်ဆုံးထား၍ လုပ်ငန်းခွင်မှ ထွက်ခွာရန် နောက်ဆုံးရက် သတ်မှတ်ပေးထားသည့် ကြေညာချက်ကိုလည်း အသိအမှတ်ပြု ချီးမွမ်းခဲ့သည်။ ***(Htike, 2021)***

# ၇

## ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၊ အမျိုးသားညီညွတ်ရေးအစိုးရတို့၏ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုဆိုင်ရာ ကြေညာချက်များ၏ ထိရောက်မှုများ


Mizzima - News in Burmese
25 November at 13:54 ·

ဒလန်လုပ်သည်ဟုဆိုကာ သုံးဆယ်မြို့ရပ်ကွက်အုပ်ချုပ်ရေးမှူး ပစ်သတ်ခံရ

သွင်ထူးစျာန်
မဇ္ဈိမ။ ။ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သုံးဆယ်မြို့နယ် စံရွေးတန်းရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ် ရေးမှူးကို နိုဝင်ဘာလ ၂၅ ရက်နေ့ နံနက် ၆ နာရီ ၁၅ မိနစ်အချိန်တွင် သာယာဝတီဂဠုန်တပ်ဖွဲ့မှ ပစ်ခတ် ရှင်းလင်းခဲ့ကြောင်း ၎င်းအဖွဲ့မှ ထုတ်ပြန်ထားသည်။

သေဆုံးသူမှာကိုထွန်းထွန်းဆိုသူဖြစ်ပြီး သုံးဆယ်မြို့ ဈေးလယ်ကောင်တွင် သေနတ်ဖြင့်ပစ်ခတ်ခံရပြီး နေရာတွင်ပင် သေဆုံးခဲ့ခြင်းဖြစ်သည်။

"အရင်က ဖေ့ဘွတ်ပရိုဖိုင်တွေမှာ အနက်ရောင်ချိန်းတဲ့ သူရပ်ကွက်ကလူတွေကို လိုက်ဖမ်းတယ်။ နောက် ပြီး အခုလက်ရှိလည်း ဧည့်စာရင်းတွေလိုက်စစ်ရင် ဖုန်းတွေကိုစစ်ပြီး NUGကို ထောက်ခံတာတခုခုကို တွေ့တာနဲ့ ဖမ်းခံရတာတွေရှိတယ်။ သူက မြို့မျက်နှာဖုံးလည်း ဖြစ်နေတယ်။ ကြံ့ဖွံ့အစိုးရ ဝန်ကြီးဟောင်း မြင့်လွင်ဦး ချုပ်ကိုင်ထားတဲ့အတိုင်းလုပ်တယ်၊ ဝန်ကြီးကို ပံ့ပိုးပေးနေတဲ့သူတွေလည်း ဖြစ်တယ်ပေါ့နော်၊ အာဏာစသိမ်းကတည်းကစပြီး သူ့ရပ်ကွက်ရုံးထဲမှာ စစ်ကောင်စီကကောင်တွေကို အရက်တွေတိုက် ဘီယာတွေတိုက်ပြီး တပ်စွဲထားတာရှိတယ်"ဟု သာယာဝတီဂဠုန်တပ်ဖွဲ့၏ ပြန်ကြားရေးတာဝန်ခံတဦး က ပြောသည်။

အဆိုပါပစ်ခတ်မှုကို ပဲခူးတိုင်းနန်းထိုက်အောင်စစ်ဆင်ရေးအမည်ဖြင့်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းအဖွဲ့မှ ထုတ်ပြန်ထားသည်။


စာတည်း။ ။စောဖေ
စာမူတည်းဖြတ်။ ။စောဖေ
#ပဲခူးတိုင်း
#သုံးဆယ်မြို့
#ရပ်ကွက်အုပ်ချုပ်ရေးမှူး
#ဒလန်



4K
51 comments 100 shares
Like Comment Share

အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုဆိုင်ရာကြေညာချက်များနှင့် မူဝါဒများကို ထုတ်ပြန်သည့်အခါတွင်အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် တခါတရံတွင် စကားလုံး ရွေးချယ်မှုအားဖြင့် ပေါ့လျော့မှုများ ရှိနိုင်ပြီး ယင်းမှာ အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်သူများအပေါ် နောက်ဆက်တွဲ အကျိုးဆက်များ ရှိလာနိုင်သည်။ NUG နှင့် CRPH တို့သည် လူထုအကြားတွေးခေါ်ပုံနှင့် တော်လှန်ရေး အရွေ့ကို ဦးဆောင်လမ်းပြနိုင်သည့် ဩဇာလွှမ်းမိုးနိုင်သော ပင်မတော်လှန်ရေးအင်အားစုများထဲမှ တခုဖြစ်သောကြောင့်တော်လှန်ရေး အလွန်တွင်အသုံးချမည့်စကားလုံးရွေးချယ်သုံးနှုန်းမှုများနှင့် မူဝါဒများအတွက် သတိရှိရန် လိုအပ်ပါသည်။ အကြမ်းမဖက် အာဏာဖီဆန်ရေးတွင် မပါဝင်သူများအကြောင်း ဖော်ပြသည့် NUG၏တရားဝင်ကြေညာချက်များတွင် "စစ်တပ်သတင်းပေးများ"၊ "တော်လှန်ရေးနှင့်တရားမျှတမှုကိုသစ္စာဖောက်သူများ"၊ "စစ်ကောင်စီလက်ပါးစေများ" စသည့် စကားလုံးအသုံးအနှုန်းများပါဝင်ပြီး ဤအသုံးအနှုန်းများသည် လူ့အဖွဲ့အစည်းအတွင်းအမုန်းတရားများကို ပိုမိုများပြားလာစေနိုင်သည်။ ဥပမာ စစ်ကောင်စီ၏ လက်ပါးစေ"Non-CDM" [3]အဆင့်မြင့်အရာရှိများသည်

*3. NUG ၏ ညွှန်းဆိုသုံးစွဲမှုများအတိုင်း တိုက်ရိုက်ဖော်ပြထားခြင်း ဖြစ်သည်။*


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန
အမိန့်ကြေညာစာအမှတ် (၂/၂၀၂၁)
၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ ရက်)

CDM လှုပ်ရှားမှုဆောင်ရွက်နေသည့် နိုင်ငံ့ဝန်ထမ်းများအပေါ် ဖိနှိပ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မတရားအရေးယူ ဆောင်ရွက်ခြင်း ပြုသည့် ဝန်ထမ်းအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာအကြီးအကဲများအပါအဝင် သက်ဆိုင်ရာ တာဝန်ရှိသူ ဝန်ထမ်းတစ်ဦးချင်းစီအား မှတ်တမ်းထားဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်။

၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် တရားမဝင် အာဏာသိမ်းစစ်ကောင်စီအား အာခံတော်လှန်၍ ငြိမ်းချမ်းစွာ CDM လှုပ်ရှားမှုဆောင်ရွက်နေသည့် နိုင်ငံ့ဝန်ထမ်းများ၏ အခွင့်အရေးနှင့် တရားမျှတမှုကို ရှေးရှုဦးတည်လျက် ကြေညာချက် အမှတ် (၉။၂၀၂၁) နှင့် (၁၁။၂၀၂၁) ကို ထုတ်ပြန် ကြေညာခဲ့ပြီး ဖြစ်သည်။


၂။ တရားမဝင်အာဏာသိမ်းစစ်ကောင်စီ၏အမိန့်အား ကိုးနွံနာခံလျက် ဝန်ကြီးဌာနအသီးသီးရှိ အဖွဲ့အစည်းများ၊ ဦးစီးဌာနအကြီးအကဲများက CDM လှုပ်ရှားမှုဆောင်ရွက်နေသည့်ဝန်ထမ်းများအား ရှေးဦးစုံစမ်းစစ်ဆေးမှု နှင့် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု နည်းလမ်းများဖြင့် အရေးယူအပြစ်ပေးရန် ခြိမ်းခြောက်စာများ ပေးပို့လျက်ရှိ ကြောင်း သိရှိရသည်။

၃။ နိုင်ငံ့ဝန်ထမ်းများအပေါ် ထိုကဲ့သို့ ဖိနှိပ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မတရား အရေးယူဆောင်ရွက်ခြင်းပြုသည့် ဝန်ထမ်းအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာအကြီးအကဲများအပါအဝင် သက်ဆိုင်ရာ တာဝန်ရှိသူ ဝန်ထမ်း တစ်ဦးချင်းစီအား မှတ်တမ်းထားဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးလိုက်သည်။

၄။ CDM လှုပ်ရှားမှုတွင်ပါဝင်သဖြင့် မတရား ဖိနှိပ်အရေးယူခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းများကို ပြည်သူ့အစိုးရမှ မူလအလုပ်တာဝန်များတည်မြဲရေး၊ နစ်နာမှုများ ပြန်လည်ကုစားနိုင်ရေးနှင့် ဂုဏ်ပြုချီးမြှောက်မှုများ ဆောင်ရွက်သွားမည့်အပြင် အခြားသော ချုပ်နှောင်ထိန်းသိမ်းခံရခြင်း၊ ထောင်ဒဏ်ကျခံရခြင်းတို့ ရှိခဲ့ပါက လည်း ပြစ်မှုမှတ်တမ်းများကို ခြွင်းချက်မရှိ ပယ်ဖျက်ကြောင်း ကြေညာလိုက်သည်။

(ပုံ)လွင်ကိုလတ်
ခေတ္တပြည်ထောင်စုဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

အမျိုးမျိုးသော ခြိမ်းခြောက်မှုများကို အသုံးပြုပြီး ဝန်ထမ်းများကို ဖိအားပေးနေကြောင်း NUG မှ ကြေညာခဲ့သည်။ *(Announcement (4/2021), 2021)* တော်လှန်ရေးကို ဦးဆောင်နေသည့် အစုအဖွဲ့များထဲမှ တခုဖြစ်နေသဖြင့် ထိုကဲ့သို့တဘက်အစုများအပေါ် သက်သေအထောက်အထားမခိုင်မာဘဲစွပ်စွဲခြင်း၊ ကြိုတင်သတ်မှတ်ခြင်း၊ လက်ညှိုးထိုးခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် အကြမ်းဖက်ခြင်းတို့သည် လူထုအကြားတွင် အလွှာနှစ်ခုကို ပိုင်းခြားသွားစေပြီး လူအများကြား ထိခိုက်နစ်နာမှုနှင့် မုန်းတီးမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။


Ayeyarwaddy Times
11 November at 08:01
ပေါင်တွင် သတင်းပေး(ဒလန်)ဟု နာမည်ကြီးသည့် ဓာတ်ပုံဆရာတစ်ဦး အသတ်ခံရ
ရေဝတီတိုင်းမ်
(ပေါင်)၊ နိုဝင်ဘာလ ၁၀ ရက်
မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ပေါင်းရပ်ကွက်တွင် ယမန်နေ့ နိုဝင်ဘာလ ၁၀ ရက်နေ့ နေ့လည် ၁၂ နာရီဝန်းကျင်အချိန်က စစ်ကောင်စီ၏ သတင်းပေးဟု နာမည်ကြီးသည့် ဓာတ်ပုံဆရာတစ်ဦး အသတ်ခံရကြောင်း သိရသည်။
၎င်းမှာ ဓာတ်ပုံဆရာရဲသူကျော်(ခေါ်)ကိုရဲဆိုသူဖြစ်ပြီး ဝင်းခလုံးရွာသစ်ပိုင်းတွင် နေထိုင်သည့် ကြခိုင်ရေးပါတီဝင်တစ်ဦး၏ နေအိမ်သို့ သွားရောက်စဉ် သမဝါယမစပေါင်းအသင်းရုံးရှေ့တွင် သေနတ်ဖြင့် ၄ ချက်ခန့်ပစ်ခတ်ခြင်းခံခဲ့ရပြီး ဦးခေါင်းကျည်ထိမှန်ဒဏ်ရာဖြင့် သေဆုံးသွားကြောင်း ဒေသခံများထံမှ သိရသည်။
"ပေါင်မှာဒလန်ဆိုပြီးနာမည်ကြီးတဲ့သူ ၂ ယောက်ရှိတယ်။ သူကအဲ့ထဲကတစ်ယောက်ပါ။ နောက်တယောက်ကကြံ့ဖွံ့က။ သူ့အိမ် အသွားလမ်းမှာ ရှင်းလင်းလိုက်တာ။ သူကရဲတွေနဲ့ပေါင်းတယ်၊ သူကဓာတ်ပုံဆရာ။ ဆန္ဒပြတဲ့ထဲပါဝင်တဲ့ CDM တွေ ဆန္ဒပြတဲ့လူတွေရဲ့ တယောက်ချင်းဆီ အနီးကပ် မျက်နှာပုံတွေကို ရဲဆီမှာ ရှိနေတယ်"ဟု ပေါင်မြို့ခံ တော်လှန်ရေးရဲဘော်တစ်ဦးက ရေဝတီတိုင်းမ်ကို ပြောသည်။
အဆိုပါ ဓာတ်ပုံဆရာရဲသူကျော်မှာ နှစ်လုံးလောင်းကစားဒိုင်ဖွင့်ထားသူဖြစ်ပြီး စစ်ကောင်စီတပ်၊ ရဲတပ်ဖွဲ့တို့နှင့် နီးစပ်သည့် ဆက်ဆံရေးရှိသူဟု ဒေသခံများ၏ ပြောဆိုချက်များအရ သိရသည်။
ပေါင်မြို့နယ်တွင် အောက်တိုဘာလ ၁၂ ရက်နေ့ကလည်း ကော့ကဲ့ကျေးရွာရှိ စစ်ကောင်သတင်းပေး ဦးလှမြင့်အား ဒေသခံပြောက်ကျားတပ်ဖွဲ့မှ ပစ်ခတ်ရှင်းလင်းခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။
#ပေါင် #သတင်းပေး #ဒလန် #ဓာတ်ပုံဆရာ #အသတ်ခံရ
#Ayeyarwaddy_Times
5.7K
61 comments 186 shares

အမှန်တွင် အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ခြင်းသည် ဆန္ဒအလျောက် ပါဝင်နိုင်သည့် လုပ်ရပ်တခုဖြစ်ပြီး ပါဝင်သည်ဖြစ်စေ မပါဝင်သည်ဖြစ်စေ စံသတ်မှတ်၍ မရနိုင်ပါ။ ၂၀၂၁ ခုနှစ် မတ်လနှင့် ဧပြီလတွင် CRPH နှင့် NUGမှ ယန္တရားအားလုံးမှ နုတ်ထွက်ခြင်းမရှိသူများကို ပြင်းထန်စွာ ပြစ်ဒဏ်ပေးမည်ဟူသည့်ကြေညာချက်များကိုထပ်ခါတလဲလဲ ဖော်ပြခဲ့သည်။ CDM လှုပ်ရှားမှုဆောင်ရွက်နေသည့် နိုင်ငံ့ဝန်ထမ်းများအပေါ် ဖိနှိပ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မတရားအရေးယူဆောင်ရွက်ခြင်းပြုသည့်ဝန်ထမ်းအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာအကြီးအကဲများအပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူဝန်ထမ်းတဦးချင်းစီအား မှတ်တမ်းထားဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်" ဟု ဖော်ပြထားသည်။ *(အမိန့်ကြေညာစာအမှတ် (၂/၂၀၂၁), 2021)*

သို့သော်အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုမှာ အလုပ်မှထွက်ခြင်းထက် ကျော်လွန်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များရှိနေသည်။အလုပ်အသွားအလာ နှောင့်နှေးစေခြင်း၊ စစ်ကောင်စီ၏ သတင်းများကိုပေါက်ကြားစေခြင်း၊ ခွင့်ယူခြင်းနှင့် အလုပ်ယန္တရားကို ရည်ရွယ်ချက်ရှိရှိ နှောင့်နှေးစေခြင်းတို့လည်း ပါဝင်သည်။ ၂၀၂၁ ခုနှစ် ဧပြီလ ၁၅ ရက်နေ့ ဒေါက်တာဇော်ဝေစိုးနှင့် တွေ့ဆုံမေးမြန်းခန်းတွင် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်သူတိုင်းသည် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုနှင့် တော်လှန်ရေးကို အရှုံးပေးနုတ်ထွက်ခြင်းဖြစ်သည်ဟုဆိုခဲ့သည်။အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု၏အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ကန့်သတ်ခြင်းနှင့် ဤလှုပ်ရှားမှုတွင် မတူညီသောနည်းလမ်းများဖြင့်ပါဝင်သူများ၊ မပါဝင်သူများကို အပြစ်ပေးခြင်းသည် လူသားဖြစ်ခြင်းစံနှုန်းကိုလျှော့ချခြင်း (dehumanizing)ကဲ့သို့ နောက်ဆက်တွဲအကျိုးဆက်များကိုဖြစ်ပေါ်စေသည့် အမုန်းတရားနှင့် အကြမ်းဖက်မှုများကိုသာ ဖြစ်ပေါ်စေမည်ဖြစ်သည်။

လက်တွေ့တွင် လုပ်ငန်းခွင်မှ မစွန့်ခွာကြသူများမှာ တဦးချင်းစိုးရိမ်ပူပန်မှုများနှင့် ရှုန်းကန်နေရမှုများရှိနေကြသည်။ ဥပမာအားဖြင့် အစိုးရဆေးရုံများမှ အချို့သောဆရာဝန်များသည် ကျန်းမာရေးစောင့်ရှောက်မှုမတတ်နိုင်သူများအတွက် အခက်အခဲများရှိနေမည်ကို စိုးရိမ်သောကြောင့် အလုပ်မှနုတ်ထွက်ရန်မရွေးချယ်တော့ခြင်းများရှိနိုင်ပါသည်။ ဤဆရာဝန်များသည် စစ်ကောင်စီ၏ အုပ်ချုပ်မှုအောက်တွင် အလုပ်လုပ်လိုခြင်းမဟုတ်သော်လည်း ၎င်းတို့၏ တခုတည်းသော စဉ်းစားချက်မှာ ပြည်သူများနှင့် ပြည်သူများ၏ ကျန်းမာရေးအတွက်သာ ဖြစ်သည်။ ဤကဲ့သို့ ဆရာဝန်များနှင့် ကျောင်းဆရာများကဲ့သို့သော ပြည်သူ့ဝန်ဆောင်မှု ကျွမ်းကျင်ပညာရှင်များသည် လုပ်ငန်းခွင်မစွန့်ခွာသည့်အတွက် အများသူငှာမှ ၎င်းတို့ကို ပြောဆိုနေမှုများအပေါ် ဂရုမစိုက်ကြပါ။***(Top Favourites, 2021)***

တဘက်တွင်လည်း ဤယုံကြည်ချက်အပေါ် သဘောထားကွဲလွဲသည့် ကျန်းမာရေးဝန်ထမ်းများလည်း ရှိနေသည်။ အချို့က လုပ်ငန်းခွင်စွန့်ခွာသော ဆရာဝန်များ၏ အချက်အလက်များကို စစ်ကောင်စီထံပေးခြင်းဖြင့် စစ်ကောင်စီကိုထောက်ခံပြီး စစ်ကောင်စီလက်အောက်တွင် အလုပ်လုပ်လိုကြသည်။ ထိုကဲ့သို့သော ဆရာဝန်များကို ၎င်းတို့၏ လုပ်ဆောင်ချက်များရပ်တန့်ရန် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ သတိပေးချက်များထုတ်ပြန်ထားသည်။ ၂၀၂၂ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် ပုဂ္ဂလိက ဆေးခန်းများအား အတင်းအကျပ် ကျူးကျော်ဝင်ရောက်ကာ CDM ဆရာဝန်များ ဆေးခန်းတွင် အလုပ်မလုပ်ခြင်းရှိမရှိလိုက်လံစစ်ဆေးသော ဆရာဝန် ဒေါ်ခင်ခင်ကြီးအား မှော်ဘီတော်လှန်ရေးတပ်ဖွဲ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ***(CDM ဆရာဝန်များကို ဖမ်းဆီးရန် ညွှန်ကြားသည်ဟုဆိုကာ ဒေါက်တာခင်ခင်ကြီး သတိပေးခံရ, 2022)*** NUGမှလည်း ဒေါက်တာခင်ခင်ကြီးအား တာဝန်မှရပ်ဆိုင်းကြောင်းထုတ်ပြန်ခဲ့သော်လည်း သူသည် စစ်ကောင်စီလက် အောက်တွင် ဆက်လက်လုပ်ကိုင်နေခဲ့သည်။

၂၀၂၁ ခုနှစ် မတ်လ ဝန်းကျင်တွင် စစ်ကောင်စီသည် မြန်မာနိုင်ငံ မီးရထားဌာနမှ လုပ်ငန်းခွင်စွန့်ခွာသည့် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားသူ ဝန်ထမ်းများ

အား ၎င်းတို့၏ အစိုးရဝန်ထမ်းအိမ်ရာများမှ ထွက်သွားရန် ခြိမ်းခြောက်မှု အများအပြား ပြုလုပ်ခဲ့သည်။ ထိုနောက်ပိုင်း ၂၀၂၁ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် NUG ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဇော်ဝေစိုးက မီးရထားဌာနမှ လုပ်ငန်းခွင်စွန့်ခွာသူများကို နေအိမ်များမှ ပြောင်းရွှေ့ရန်မလိုအပ်ကြောင်း ကြေညာခဲ့သည်။ စစ်ကောင်စီက မီးရထားဝန်ထမ်းများကိုဖိအားပေးခြိမ်းခြောက်ပါက စစ်ကောင်စီစစ်သားများကိုမောင်းထုတ်ရန် အရပ်သားအချင်းချင်း ကူညီကြပါဟုလည်း ကြေညာချက်တွင် ဖော်ပြထားသည်။ ***(အမိန့်ကြေငြာချက် ၃/၂၀၂၁, 2021)***



*နေအိမ်မှ စွန့်ခွာရန်စစ်ကောင်စီ၏ ဖိအားပေးခံရသော မလှကုန်းမီးရထားဝန်ထမ်းများ*
*(ရင်းမြစ်: The Irrawaddy–Brmese Edition)*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေး အားကစား ပညာရေး အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြေညာချက်အမှတ် (၃/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၄ ရက်)

CDM ပြည်သူ့ဝန်ထမ်းများအား အသိပေးတိုက်တွန်းခြင်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားဥပဒေ၊ မြန်မာနိုင်ငံဆိုင်ရာ အလုပ်သမားဥပဒေကြောင်းအရ မည်သည့်ဝန်ထမ်းမျှ အချိန်တိုကာလအတွင်း အမိန့်ပေး၍ မိမိနေထိုင်ရာနေရာမှ ထုတ်ပိုင်ခွင့်မရှိပါ။ ထိုဝန်ထမ်းများ အခြေခံ နေထိုင်စရာ နေရာနောက်တစ်ခု စီစဉ်၍ အခြေကျပြီးမှသာ ပြောင်းရွှေ့ရမည် ဖြစ်ပါသည်။

အကြမ်းဖက်အုပ်စုအားပေးဌာနများမှ ပြည်သူ့ဝန်ထမ်းအိမ်ရာများတွင် နေထိုင်လျှက်ရှိသော CDM ဝန်ထမ်းများအား နည်းမျိုးစုံဖြင့် ဖိနှိပ်ကာ ဖယ်ရှားကြရန် ညွှန်ကြားနေသည်ကိုတွေ့ရှိရပြီး CDM ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်း အိမ်ရာများမှ ထွက်ခွာကြရန်မလိုအပ်ပါကြောင်းနှင့် ပြည်သူ့ဝန်ထမ်းများသည် ကြောက်ရွံ့မှုမရှိဘဲ CDM ဆောင်ရွက်ကာ ပြည်သူ့ဝန်ထမ်းအိမ်ရာများတွင် ဆက်လက်နေထိုင်ရမည်ဖြစ်ကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်။

ပြည်သူ့ဝန်ထမ်းအိမ်ရာများတွင် နေထိုင်သော CDM ဝန်ထမ်းများအား အကြမ်းဖက်အုပ်များမှ လာရောက်ဖိအားပေး အကြမ်းဖက် ဖယ်ရှားလာမည်ဆိုပါက ပြည်သူများမှ ဝန်းရံတိုက်ထုတ်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

(ပုံ)ဒေါက်တာဇော်ဝေစိုး
ခေတ္တပြည်ထောင်စုဝန်ကြီး

*ရင်းမြစ် : Ministry of Health–NUG*

ဤကဲ့သို့သော ကြေညာချက်များသည် လုပ်ငန်းခွင်စွန့်ခွာသူများအတွက် လမ်းညွှန်ချက်များကို လိုက်နာရမည်လား သို့မဟုတ် မိမိတို့၏ ကိုယ်ပိုင်ဘေးကင်းမှုကို ဦးစားပေးရမည်လား စသဖြင့် ခက်ခဲသောအခြေအနေများဖြစ်စေသည်။ အမှန်စင်စစ် ဤကြေညာချက်ကို ကြေညာသည့်အချိန်၌ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားသူများတွင်စိုးရိမ်မှုများရှိခဲ့ပြီး အိုးအိမ်စွန့်ခွာခဲ့ရသော မီးရထားဝန်ထမ်းများအတွက် ခိုလှုံရာ

နေရာများပေးရန် NUG ကို တောင်းဆိုခဲ့ကြသည်။ NUG သည် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်သူများကို လမ်းညွှန်ချက်များ ပေးလေ့ရှိသော်လည်း အဆိုပါညွှန်ကြားချက်များအတွက် နောက်ဆက်တွဲတာဝန်ယူမှုများ နည်းပါးခဲ့သည်။

NUG မှ ပုဂ္ဂလိကဘဏ်များရှိ အထက်အရာရှိများအား ဘဏ်လုပ်ငန်းကဏ္ဍမှ လုပ်ငန်းခွင်စွန့်ခွာသူများကို ခြိမ်းခြောက်ပြီး ဖိအားပေးခြင်းမပြုရန်လည်း သတိပေးခဲ့သည်။ အထူးသဖြင့် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို ပိတ်ဆို့ခြင်းမပြုရန်နှင့် ခွဲခြားဆက်ဆံခြင်း၊ ခြိမ်းခြောက်ခြင်းများကို ချက်ချင်းရပ်တန့်ရန် ထုတ်ပြန်ခဲ့သည်။ သို့သော် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်သူများကို ခြိမ်းခြောက်ပြီး ဖိအားပေးသည့် အထက်လူကြီးများအပေါ် မည်ကဲ့သို့ အရေးယူမည်ဖြစ်ကြောင်း ကြေညာချက်တွင် သီးခြားမူဝါဒများ မပါဝင်ခဲ့ပါ။ ***(ဘဏ်လုပ်ငန်းရှင်တွေက CDM ဝန်ထမ်းတွေကို ဖိနှိပ်တာတွေမလုပ်ဖို့ NUG သတိပေး, 2021)*** ၂၀၂၁ နဲ့ ၂၀၂၂ တလျှောက်တွင်ပင်မတော်လှန်ရေးအင်အားစုမှ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုနှင့်ပတ်သက်သည့် ကြေညာချက် ၂၇ ခုရှိခဲ့သည်။[4] ဤကြေညာချက်များတွင် ၂၀၂၁ ခုနှစ်အစောပိုင်းကာလမှ အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်ရန်ခေါ်ဆိုမှုများ၊ လုပ်ငန်းခွင်မှမစွန့်ခွာသူများအပေါ် ကြေညာချက်များ၊ ကျောင်းသားများကျောင်းပြန်တက်ရန်စစ်ကောင်စီ၏ကြိုးပမ်းမှုများကိုငြင်းပယ်ရန်တိုက်တွန်းချက်များ၊ လုပ်ငန်းခွင်စွန့်ခွာခဲ့သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများပေးခြင်းနှင့် ပျူစောထီး၊ ပြည်သူ့စစ် စသည့် စစ်ကောင်စီ၏လက်အောက်ခံလက်နက်ကိုင်အဖွဲ့များအပေါ် ကြေညာချက်များ စသည်တို့ပါဝင်သည်။




အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု၏အရှေ့ကိုဆက်လက်ထိန်းထားရန်အတွက်NUGသည်အခြားတဘက်တွင် လှူဒါန်းမှုများ၊ ထီနှင့် ရန်ပုံငွေရှာဖွေခြင်းများမှတဆင့်ထောက်ပံ့မှုများပေးနိုင်ရန် ပိုမိုအာရုံစိုက်ခဲ့သည်။ ၂၀၂၁ ဩဂုတ်လ ၁၅ ရက် မှစတင်၍ NUG သည် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်သူများကိုထောက်ပံ့ရန်နွေဦးထီကို စတင်ခဲ့သည်။ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်သူများကို ပံ့ပိုးရန် ထီမှရရှိငွေ၏၇၀ ရာခိုင်နှုန်းကို အသုံးပြုပြီး ထီဆုမဲများအတွက် ၃၀ ရာခိုင်နှုန်းကို အသုံးပြုထားသည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် NUG စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းနိုင်က နွေဦးထီမှရရှိသော ငွေဖြင့် အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်သူ ဝန်ထမ်း ၄၁၀,၀၀၀ ကို ထောက်ပံ့ခဲ့ကြောင်းကြေညာခဲ့သည်။ ***(နွေဦးထီရောင်းရငွေနဲ့ CDM ဝန်ထမ်းတွေကို ထောက်ပံ့မယ့်အကြောင်း NUG ပြော, 2021)***

4. *သတင်းမီဒီယာများမှတဆင့် ဉာဏ်လင်းသစ်သုတေသနမှ ကောက်ယူထားသည့်အချက်အလက်များ*

# ၁

# အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုအဖြစ် လုပ်ငန်းခွင်စွန့်ခွာသူ ဝန်ထမ်းများအပေါ် စစ်ကောင်စီက တန်ပြန်အရေးယူမှုများ

တော်လှန်ရေးအဖွဲ့များက အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်ရန် အားပေးတိုက်တွန်းမှုများ ကြီးမားစွာပြုလုပ်နေချိန် တဘက်တွင်လည်း စစ်ကောင်စီက ဤလှုပ်ရှားမှု၏အရှိန်ကို လျှော့ချရန်ကြိုးပမ်းမှုအများအပြားကို ယနေ့တိုင်လုပ်ဆောင်နေဆဲ ဖြစ်သည်။




ရင်းမြစ် : *Myanmar Platform*

၂၀၂၁ ခုနှစ် အစောပိုင်းကာလများတွင် လူထုက လုပ်ငန်းခွင်မှစွန့်ခွာပြီး အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ကြချိန်တွင် မီးရထားဌာနမှ အစိုးရဝန်ထမ်းများသည် လုပ်ငန်းခွင်မှ စွန့်ခွာခြင်းဖြင့် လှုပ်ရှားမှုကို ဦးဆောင်ခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် ၎င်းတို့သည် မိမိတို့၏ အစိုးရဝန်ထမ်းအိမ်ရာများကို စွန့်ခွာရန် စစ်ကောင်စီ၏

အပြင်းအထန် ဖိအားပေး ခြိမ်းခြောက်ခြင်း ခံခဲ့ရသည်။ စစ်ကောင်စီမှ ၎င်းတို့၏ နေအိမ်များကို ဝင်ရောက်စီးနင်းကာ ပစ္စည်းများ ဖျက်ဆီးခြင်းခံရသော်လည်း မီးရထားဝန်ထမ်းများက ၎င်းတို့၏ ရပ်တည်မှုကို မပြောင်းလဲဘဲနိုင်ငံ၏ စစ်မှန်သည့် ခေါင်းဆောင်များကို မလွှတ်ပေးမခြင်း ၎င်းတို့၏ လုပ်ငန်းခွင်များသို့ ပြန်ဝင်ရောက်မည်မဟုတ်ကြောင်း ပြောကြားခဲ့ကြသည်။




*မီးရထားဝန်ထမ်းများ ရန်ကုန်လမ်းမများပေါ်တွင် ဆန္ဒပြနေကြပုံ*
*ရင်းမြစ် : Myanmar Now*

အလားတူပင် ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍမှ အစိုးရဝန်ထမ်းများသည်လည်း နောက်ပိုင်းကာလများတွင် အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြပြီး လုပ်ငန်းခွင်မှစွန့်ခွာသည့်အခါတွင် ဖိအားများကြုံခဲ့ရသည်။ စစ်ကောင်စီကို တော်လှန်ပုန်ကန်ရန် နိုင်ငံသားများနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်ကြောင်း ကြေညာခဲ့သည့် နာမည်ကြီးအနုပညာရှင်များကိုလည်း ပုဒ်မ ၅၀၅ (က) ဖြင့် စစ်ကောင်စီက ခြိမ်းခြောက်ဖမ်းဆီးခဲ့သည်။ “တပ်မတော်” အမည်ကို ဖျက်ဆီးရန် လှုံ့ဆော်သူများကို ဥပဒေ ပုဒ်မ ၅၀၅ (က) ဖြင့် ပုဒ်မတပ် တရားစွဲဆိုခြင်းဖြစ်သည်။

လုပ်ငန်းခွင်စွန့်ခွာသူအများအပြားသည် တော်လှန်ရေးကို တတ်နိုင်သမျှ နည်းလမ်းများဖြင့် ကူညီနေကြသည်။ ဥပမာအားဖြင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများသည် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့်စစ်ဘေးရှောင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်းဖြင့် ပါဝင်ကူညီလျက်ရှိသည်။ ဤလုပ်ငန်းခွင်စွန့်ခွာသူများသည် စစ်ကောင်စီမှ ရက်စက်စွာ ဖမ်းဆီးညှဉ်းပန်းနှိပ်စက်ခံရပြီး ရက်အနည်းငယ်အတွင်းပင် အသတ်ခံခဲ့ရမှုများကြုံတွေ့ကြရသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် မန္တလေး ဗဟိုအမျိုးသမီးဆေးရုံမှ သူနာပြုတဦးသည် PDF များအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးပေးမှုများပေးသည်ဟူသောစွပ်စွဲချက်ဖြင့်စစ်ကောင်စီမှဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရပြီး ရက်ရက်စက်စက်ညှဉ်းပန်းနှိပ်စက်ခံရကာရက်အနည်းငယ်




*ဒေါ်ပိုးသန္တာအောင်အပါအဝင် ဖမ်းဆီးရသူများအား စစ်ကောင်စီမှ ထုတ်ပြန်ထားသည်ကို တွေ့ရစဉ်။*
***Source : Myanmar Now***

အကြာတွင်သေဆုံးသွားခဲ့သည်။ စစ်ကိုင်းဒေသအတွင်း ဖမ်းမိသည့် ဆေးပစ္စည်းများသည် PDF များကို ထောက်ပံ့ရန်ဖြစ်သည်ဟု စွပ်စွဲကာ မန္တလေးမှ ကျန်းမာရေးဝန်ထမ်း ၃၀ ထက်မနည်းကို စစ်ကောင်စီက အောက်တိုဘာလအတွင်း ဖမ်းဆီးခဲ့မှုများလည်း ပြုလုပ်ခဲ့သည်။ ***(သူနာပြုဆရာမတစ်ဦး စစ်ကြောရေးတွင် သေဆုံးဟု CDM ဆရာဝန်များပြော , 2022)*** မကြာသေးမီ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့ကပင် စစ်ကောင်စီက မန္တလေးရှိ ပုဂ္ဂလိက ဆေးရုံ ၅ ရုံကို ပိတ်ပစ်ရန် ကြေညာခဲ့သည်။ ကျန်းမာရေးဝန်ထမ်းများ၏ ပြောကြားချက်အရ ဆရာဝန်နှင့် သူနာပြုအများအပြား အလုပ်လက်မဲ့ဖြစ်ပြီး လူနာများသည်လည်း ထိုနောက်ဆက်တွဲဆိုးကျိုးတွေကို ခံစားနေရသဖြင့် အခက်အခဲများစွာနှင့် ရင်ဆိုင်နေရသည်ဟု သိရသည်။ ***(မန္တလေးမှ ပုဂ္ဂလိကဆေးရုံ ၅ ခု အပိတ်ခံရ, 2022)***

စစ်ကောင်စီသည် လတ်တလောတွင် ကျန်းမာရေးဝန်ထမ်းများကို အထူးခြိမ်းခြောက်ပြီး ဖိအားပေးနေသည်ကို တွေ့ရသည်။ ကျန်းမာရေးဝန်ထမ်းအများအပြားသည် အစိုးရဝန်ထမ်းအဖြစ်မှ အလုပ်ထွက်ပြီး ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းအဖြစ် အသက်မွေးဝမ်းကြောင်းများ ဆက်လက်လုပ်ဆောင်သည့်အခါ စစ်ကောင်စီသည် မြို့ကြီးများရှိ ပြည်သူများ၏ဘဝများ ခက်ခဲလာစေရန် ဤကျန်းမာရေးဝန်ထမ်းများကို အထူးအာရုံစိုက်ဖိအားပေးလာသည်။

၉

## ပင်မတော်လှန်ရေးအင်အားစုမှထုတ်ပြန်သော

# အကြမ်းမဖက်

## အသဟာဖီဆန်ရေးဆိုင်ရာ

# ကြေညာချက်များ၏ဝိရောဓိများ

လုပ်ငန်းခွင်မှ မစွန့်ခွာသည့် အရပ်ဘက်ဝန်ထမ်းများကို တော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့များက ခြိမ်းခြောက်သတ်ဖြတ်သည့်ဖြစ်ရပ်များစွာ ရှိသည်။ ခြိမ်းခြောက်ခံရသော လုပ်ငန်းခွင်မစွန့်ခွာသူများတွင် ပညာရေးဝန်ထမ်းများ၊ ဒေသန္တရ အုပ်ချုပ်ရေးဝန်ထမ်းများ၊ ဆက်သွယ်ရေးဝန်ထမ်းများ၊ တရားစီရင်ရေးဝန်ထမ်းများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ ပါဝင်သည်။ လက်တွေ့တွင် လုပ်ငန်းခွင်မစွန့်ခွာသူများထဲမှ လုပ်ငန်းခွင်စွန့်ခွာသူများ၏စာရင်းများပြုစု၍အရေးယူရန် ခြိမ်းခြောက်ဖိအားပေးခြင်းနှင့် တော်လှန်ရေးအင်အားစုများအား ဖမ်းဆီးအရေးယူရာတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်နေသည့်ဖြစ်စဉ်များရှိနေသကဲ့သို့စစ်ကောင်စီလက်အောက်တွင် ဆက်လက်အလုပ်လုပ်ကိုင်နေခြင်းသည်ပင်လျှင်စစ်ကောင်စီယန္တရားကောင်းမွန်စွာလည်ပတ်စေနိုင်ပြီးတော်လှန်ရေးအားရှည်ကြာစေသည်ဟူသည့် အယူအဆများလည်းရှိနေသည်။ထိုအချက်များကြောင့် လုပ်ငန်းခွင်မှမစွန့်ခွာသူများအားလုံးကို စစ်တပ်ထောက်ခံသူများ၊ ဒလန်များ အဖြစ် လွှမ်းခြုံ သတ်မှတ်၍ ခြိမ်းခြောက်မှုများ ရှိနေခြင်း ဖြစ်နိုင်သည်။ သို့ရာတွင် လုပ်ငန်းခွင်၌ ဆက်လက်လုပ်ကိုင်နေပြီး တော်လှန်ရေးအင်အားစုများအပေါ် ကူညီထောက်ပံ့နေသူများ ရှိနေသည်ကိုလည်း သတိပြုရန်လိုအပ်ပါသည်။

CRPH မှ မတ် ၁၄၊ ၂၀၂၁ တွင် "ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း ၄ အရ ပြည်သူများသည် မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့် အပြည့်ရှိသည်။ ထို့အပြင် လူပုဂ္ဂိုလ်တဦးချင်း သို့မဟုတ် ရပ်ကွက်၊ကျေးရွာ အုပ်စု သို့မဟုတ် နယ်မြေ သို့မဟုတ် မြို့နယ်အလိုက် မည်သူမဆို ဥပဒေအရ မိမိကိုယ်ကို ခုခံကာကွယ်ခြင်းဖြင့် တုံ့ပြန်မှုများကို ရာဇဝတ်မှုအဖြစ် မမှတ်ယူပါ" ဟူသည့် မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ကို ကြေညာ

ခဲ့သည်။ ***(Statement Informing the Right of Citizens to Practice Self-defense in Response to Terrorist Violence, 2021)***

လုပ်ငန်းခွင်မစွန့်ခွာသည့် အစိုးရဝန်ထမ်းများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများသည်လည်း လုပ်ငန်းခွင်စွန့်ခွာသူပြည်သူ့ဝန်ထမ်းများ၏ သတင်းအချက်အလက်များကို စစ်ကောင်စီထံသို့ ပေးဆောင်ခြင်းအတွက် နာမည်ဆိုးဖြင့်ကျော်ကြားမြဲဖြစ်သောကြောင့် အများစုမှာ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များမှ သတိပေးခြင်းခံရလေ့ရှိသည်။ မြန်မာ့မီးရထားဌာနမှ လုပ်ငန်းခွင်မစွန့်ခွာသည့် ထိန်ဝင်း(ခေါ်) ရန်ကင်းမောင်သည် ၂၀၂၁၊ အောက်တိုဘာ ၂၄ ရက်နေ့တွင် အမည်မသိသူများမှ သေနတ်ဖြင့် ပစ်သတ်ခြင်းခံခဲ့ရသည်။ မီးရထားဝန်ထမ်းတဦး ထံမှသိရသည်မှာ ထိန်ဝင်းသည် သတင်းပေးဒလန်တဦးဖြစ်သည်ဟုဆိုပြီး လုပ်ငန်းခွင်မစွန့်ခွာသည့်ဝန်ထမ်းလည်းဖြစ်သည်ဟုဆိုသည်။ မီးရထားဝန်ထမ်းများကို စစ်ကောင်စီက ၎င်းတို့၏နေအိမ်များမှ အတင်းအကျပ်ရွှေ့ပြောင်းခိုင်းသောအခါ ဝန်ထမ်းအမည်များကို ထိန်ဝင်းက စစ်ကောင်စီသို့ အစီရင်ခံတင်ပြခဲ့သည်ဟုလည်း သတင်းရသောကြောင့် ဤသို့ပစ်သတ်ခံရခြင်းဖြစ်နိုင်သည်ဟုဆိုသည်။ ***(မြန်မာ့မီးရထားမှ စစ်ကောင်စီသတင်းပေးဟုစွပ်စွဲခံရသော Non – CDM ဝန်ထမ်း ထိန်ဝင်း (ခ) ရန်ကင်းမောင်ကို ပစ်သတ်သွားသည့် ဗီဒီယိုထွက်ပေါ်, 2021)*** ဤသို့သတ်ဖြတ်မှုများသည် လက်သည်မပေါ်သည့်လုပ်ဆောင်ခြင်းများဖြစ်သော်လည်း တော်လှန်ရေးလိုလားသောအုပ်စုများက "တိုက်ပွဲကာလတွေးခေါ်မှု" (appeal to war) ကိုသာအခြေခံ၍ လုပ်ဆောင်သည်ဟု အတိုင်းအတာတခုအထိကောက်ချက်ချနိုင်သည်။ ဤသတင်းမှာ ဆိုရှယ်မီဒီယာတွင် ဖြန့်ဝေခံရသည့်အချိန်တွင် လုပ်ငန်းခွင်မစွန့်ခွာသည့် အစိုးရဝန်ထမ်းများအပေါ် ခြိမ်းခြောက်သတ်ဖြတ်များကို ပြည်သူလူထုက တခဲနက်အားပေးနေကြသည်ကိုလည်း တွေ့မြင်ရသည်။


အမျိုးသားညီညွတ်ရေးအစိုးရ၏ ကာကွယ်ရေးဝန်ကြီးဌာနသည် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များလိုက်နာရန် စစ်ဘက်ဆိုင်ရာ ကျင့်ထုံးကို ထုတ်ပြန်ကြေညာထားသော်လည်း လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအား ထိုစည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာစေရန် နောက်ဆက်တွဲလုပ်ဆောင်မှု အနည်းငယ်သာ တွေ့နိုင်သည်။ ခိုင်မာတိကျသော စည်းမျဉ်းစည်းကမ်းများ၊ နည်းဥပဒေများနှင့် အမိန့်ဆင့်ကဲနာခံခြင်းများ မရှိလျှင် တော်လှန်ရေးတွင် အသေအပျောက်များမည်သာဖြစ်သည်။ ဤနွေဦးတော်လှန်ရေးတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDFs)၊ ပကဖနှင့် ပြောက်ကျားအဖွဲ့များအားလုံးသည် စစ်ကောင်စီ၏တည်ရှိမှုနှင့် အုပ်ချုပ်မှုယန္တရားကိုရပ်တန့်စေရန် တူညီသောရည်ရွယ်ချက်တခုဖြင့် စစ်ကောင်စီကို ဆန့်ကျင်တိုက်ခိုက်နေကြသည်။ သို့သော်လည်း လမ်းညွှန်ချက်များသေချာတိကျစွာမရှိလျှင် တော်လှန်ရေးအင်အားစုများသည် စစ်အာဏာရှင်ကို ဖြုတ်ချရန် ရည်ရွယ်ချက်မှသွေဖယ်သွားနိုင်ပြီး "စစ်၏ဆွဲဆောင်မှု" အောက်တွင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်းမဟုတ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် သတ်ဖြတ်မှုများကိုလုပ်ဆောင်လာနိုင်သည်။ သို့သော် ဂျီနီဗာကွန်ဗန်းရှင်း (Geneva Convention) အရ လက်နက်မဲ့အရပ်သားများ၊ တိုက်ပွဲတွင်းမှစစ်မှုထမ်းများပင်ဖြစ်စေ ဖမ်းဆီးရမိပြီး နှိပ်စက်ခြင်း သတ်ဖြတ်ခြင်းစသည့် လူသားမဆန်သည့်

လူ့အခွင့်အရေးချိုးဖောက်မှုများ ပြုလုပ်၍မရပါ။

လူ့အခွင့်အရေးချိုးဖောက်မှုများ ပေါ်ပေါက်လာသောအခါ NUG သို့မဟုတ် CRPH သည် အရေးယူမှု၊ တာဝန်ခံမှုများကို ထိရောက်ပြတ်သားစွာလုပ်ဆောင်သည်ကို မတွေ့ရပေ။၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် အမျိုးသားညီညွတ်ရေးအစိုးရကာကွယ်ရေး ဝန်ကြီးဌာနလက်အောက်ရှိ ဗိုလ်သံမဏ္ဍိ၏ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့သည် စစ်ကိုင်း၊ ယင်းမာပင်မြို့နယ် လဘို့ကျေးရွာတွင် အရပ်သားနှင့် PDF အဖွဲ့ဝင် ၂၁ ဦးထက် မနည်းကို သတ်ဖြတ်ခဲ့ကြောင်း နွေဦးတော်လှန်ရေး ဘာသာပေါင်းစုံကွန်ရက်က ထုတ်ပြန်ထားပြီးသက်သေများရှိသော်လည်း NUG ကာကွယ်ရေးဝန်ကြီးဌာန(MOD)၏ စစ်ရေးပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေး ဇဟိုကော်မရှင်အဖွဲ့၏ထုတ်ပြန်ဝန်ခံသည့် ကြေညာချက်စာရင်းတွင် ၁၀ ဦးသာ ပါဝင်သည်။ အခြားပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ၆ ဦး၊ အရပ်သား ၂ ဦးနှင့် မီးသတ်သမား ၂ ဦး ကို ပုဂ္ဂိုလ်ရေးပြဿနာများကြောင့် သတ်ဖြတ်ခဲ့သည်ဟုသာ ရေးသားထားသည်။ ***(ဗိုလ်သံမဏိအဖွဲ့ လူသတ်မှုကို NUG ၏ ကိုင်တွယ်ပုံ ဝေဖန်ခံနေရ, 2022)*** ထိုဖြစ်ရပ်ဖြစ်ပြီး မကြာမီတွင် NUG သည် အသတ်ခံရသော PDF များ၏ မိသားစုများကို ထောက်ပံ့မည်ဖြစ်ကြောင်း ကြေညာချက်တစောင်သာ ထုတ်ပြန်ခဲ့သည်။ ပြစ်မှုကျူးလွန်ခဲ့သော ဗိုလ်သံမဏ္ဍိနှင့် တပ်ဖွဲ့အား NUG က မည်သို့ အရေးယူမည်ကို ရှင်းရှင်းလင်းလင်းထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပါ။

မကြာသေးမီကပင် စစ်ကိုင်း၊ တမူးမြို့နယ်တွင် အမျိုးသမီးတဦးအား ညှင်းပန်းနှိပ်စက်၍သေနတ်ဖြင့် အကြိမ်ပေါင်းများစွာ ပစ်သတ်သည့် ဗီဒီယိုဖိုင်တခု လူမှုကွန်ယက်စာမျက်နှာတွင်ပေါ်ထွက်လာခဲ့သည်။ နယ်မြေခံ ပကဖတာဝန်ခံ၏ အဆိုအရ အသတ်ခံရသော အမျိုးသမီးမှာ "ပျူစောထီး" အဖွဲ့ဝင် ဖြစ်ပြီး အသက် ၁၇ နှစ်အရွယ် PDF လူငယ်တဦး ဈေးသို့သွားစဉ် စစ်ကောင်စီသို့ အကြောင်းကြားခဲ့သည့်အတွက် PDF လူငယ်မှာ ဖမ်းဆီးခံခဲ့ရပြီး ရက်ရက်စက်စက် သတ်ဖြတ်ခြင်းခံခဲ့ရသည့်အတွက် ထို အမျိုးသမီးအားဖမ်းဆီးခဲ့သည် ဟုဆိုသည်။***(တမူးမှ အမျိုးသမီးကို သတ်ဖြတ်ခဲ့သည့် PDF များအား NUG အရေးယူမည်ဟု ဆို, 2022)***

အမျိုးသားညီညွတ်ရေးအစိုးရ-လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဝန်ကြီး၊ ဦးအောင်မျိုးမင်းထံမှ စေ့စေ့စပ်စပ် စုံစမ်း စစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း ပြောကြားမှုရှိသည်။ ***(Aung Myo Min, 2022)*** ထိုဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေပြီး လိုအပ်သည့် အရေးယူမှုများပြုလုပ်ရန် ညွှန်ကြားထားကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကာကွယ်ရေးဝန်ကြီးဌာန အတွင်းဝန် ဦးနိုင်ထူးအောင်ကလည်း ပြောသည်။



စစ်ပွဲများနှင့် ပဋိပက္ခများအတွင်း လက်နက်ကိုင်အဖွဲ့များသည် တခါတရံ ၎င်းတို့၏စစ်တပ်စည်းမျဉ်းများကြောင့် ဆန့်ကျင်ဘက်အုပ်စုကို ရွေးချယ်စရာမရှိဘဲ အရေးယူရသည့် အခြေအနေများ ရှိတတ်သည်။ လူတဦးတယောက်အပေါ် အရေးယူသည့်အခါ တပ်ပိုင်းဆိုင်ရာ နှင့် စစ်မြေပြင်ဆိုင်ရာ ကြိုတင်ချမှတ်ထားသည့် စည်းမျဉ်းဥပဒေများနှင့် အညီအာဏာကျင့်သုံးနိုင်သည့် အစုအဖွဲ့၏ တာဝန်ခံဆုံးဖြတ်ချက်အရ လူ့ဂုဏ်သိက္ခာကိုထိန်းသိမ်းသည့် လူသားဆန်သည့်နည်းလမ်းများဖြင့်သာ အကောင်အထည် ဖော်ရမည်။ အထူးသဖြင့် မည်သည့်အရေးယူမှုမျိုးမဆို အမုန်းတရားအခြေပြု လက်စားချေလိုစိတ်များကြောင့် မဖြစ်ရပါ။

"ဒလန်" ကဲ့သို့သော လူ့ဂုဏ်သိက္ခာအရနှင့် လက်တွေ့အရ အန္တရာယ် ကြီးမားသည့်စကားလုံးများကို သေချာစွာစုံစမ်းစစ်ဆေးခြင်းမရှိဘဲ အလွယ်တကူ သုံးစွဲခြင်းသည် တော်လှန်ရေးတွင် ဆိုးရွားသောအကျိုးဆက်များစွာကို သယ်ဆောင်လာနိုင်သည်။ ပင်မတော်လှန်ရေးအင်အားစုမှ စစ်ကောင်စီတပ်ဖွဲ့များကို လက်နက်အသုံးပြု၍ ခုခံကာကွယ်ပိုင်ခွင့်ရှိကြောင်းကို ကြေညာခြင်းဖြင့် တော်လှန်ရေးတလျှောက်လုံးတွင် ဤအကျိုးဆက်များ ဖြစ်ပေါ်လာခဲ့သည်။ စေ့စေ့စပ်စပ် စုံစမ်းစစ်ဆေးမှုများမရှိဘဲ လူသားများကို မဆင်မခြင် သတ်ဖြတ်ခြင်းသည် တော်လှန်ရေးနှင့် တော်လှန်ရေးသမားများ၏ စည်းလုံးညီညွတ်မှုအပေါ် ဆိုးကျိုးများသက်ရောက်စေသည်။ လုပ်ငန်းခွင်မှစွန့်ခွာပြီး အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ခြင်းကြောင့် အပြစ်မဲ့ပြည်သူပေါင်းများစွာကို စစ်ကောင်စီဘက်မှသတ်ခဲ့သည့် အမှုများစွာရှိသည်။ သို့သော် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF)များသည် လုပ်ငန်းခွင်တွင်ဆက်လက်လုပ်ဆောင်နေသူများကို သတ်ဖြတ်နေသည်ဟု လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များအား အပြစ်တင်သည့်နည်းလမ်းကို စစ်ကောင်စီမှ လက်နက်တခုသဖွယ် အသုံးပြုနေသည်ကိုလည်း သတိချပ်ရမည်ဖြစ်သည်။
***(MPA interview with Dr. Miemie Winn Byrd, 2022)***

၁၀

# လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုဆိုင်ရာ ကြေညာချက်

NUG နှင့် CRPH ကဲ့သို့သော တော်လှန်ရေးတွင် သက်ဆိုင်သူများ၏ ကြေညာချက်များသာမက တော်လှန်ရေး လက်နက်ကိုင်အင်အားစုများ၏ သတိပေးချက်များနှင့် ခြိမ်းခြောက်မှုများသည်လည်း ၂၀၂၂ အတွင်း သိသိသာသာ ပြင်းထန်လာခဲ့သည်။ NUG ကာကွယ်ရေး ဝန်ကြီးဌာန သို့မဟုတ် လူမျိုးစုတော်လှန်ရေး အင်အားစုများ သို့မဟုတ် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ၏ ထိန်းချုပ်မှုအောက်တွင် မရှိသောလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များသည် လုပ်ငန်းခွင်မှမစွန့်ခွာသော အစိုးရဝန်ထမ်းများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်မှုများပေါ်လာခဲ့သည်။



သတင်းထုတ်ပြန် ကြေညာခြင်း

စာအမှတ် - ၀၃/ဖေဖော်ဝါရီလ / ၂၀၂၂
ရက်စွဲ ၊ ဖေဖော်ဝါရီလ (၂) ရက် ၂၀၂၂ ခုနှစ်

အုတ်ဖိုမြို့နယ်အတွင်း စစ်ကောင်စီနှင့် အုပ်ချုပ်ရေးမှူးများ ၊ Non-CDM ဝန်ထမ်းများအားနေ့ဖြင့် သတင်းထုတ်ပြန်ပြီး အချိန်မှစ၍ (၅) ရက်အတွင်း နုတ်ထွက်ကြရန် နှင့် CDM ပြုလုပ်ကြရန် စစ်ကောင်စီလက်အောက် ဆက်လက်တာဝန်ထမ်းဆောင်နေပါက မိမိတာဝန်သာ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

အာဏာရှင် လူတစ်စုကောင်းစားရေး နှင့် ကိုယ်ကျိုး တစ်ခုတည်း အတွက် ကြည့်ပြီး လက်နက်ကိုင်ထားကြသော ဖက်ဆစ်စစ်တပ် နှင့် စစ်ကောင်စီ၏ လက်ပါးစေ လက်ကိုင်တုတ် တပ်ဖွဲ့များအား အချိန်မရွေး ၊ နေရာမရွေး တိုက်ခိုက်သွားမည် ဖြစ်ပါသဖြင့် ပြည်သူများ အနေနှင့် ၎င်းတို့နှင့် ပူးတွဲသွားလာ နေထိုင်ခြင်းများ မပြုလုပ်ကြပါရန် နှင့် ပူးပေါင်း ပါဝင်မှု ပါတ်သတ်ပါက မိမိတာဝန်သာဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖက်ဆစ်တိုက်ဖျက်ရေး နှင့် ပြည်သူ့အာဏာ တည်ဆောက်ရေး တပ်ဦး

ဖက်ဆစ် မိစ္ဆာတပ် ၊ ရန်ငါအမြစ် အမြစ်ဖြုတ်

ကိုယ်ပိုင် ကြီးကြပ်အမိန့်ပေးကြသောPDF များသည် ဆက်လက်အလုပ်လုပ်နေသော အစိုးရဝန်ထမ်းများအား ၎င်းတို့၏လုပ်ငန်းခွင်မှ မစွန့်ခွာလျှင် တိုက်ခိုက်မည်ဖြစ်ကြောင်း သတိပေး ကြေညာချက်များ ထုတ်ပြန်လာခဲ့သည်။ ၂၀၂၂ ဇန်နဝါရီလ ၂ ရက်တွင် "ဖက်ဆစ်တော်လှန်ရေးနှင့် ပြည်သူ့အာဏာတည်ဆောက်ရေးတပ်ဦး" လက်အောက်

ရှိ အုတ်ဖိုကွန်မန်ဒိုသည် အုတ်ဖိုရှိ အစိုးရဝန်ထမ်းများနှင့် အုပ်ချုပ်ရေးမှူးများအား ၎င်းတို့၏ကြေညာချက်ထုတ်ပြီး ၅ ရက်အတွင်းလုပ်ငန်းခွင်မှစွန့်ခွာရန် နှင့် မစွန့်ခွာလျှင် တိုက်ခိုက်မည်ဖြစ်ကြောင်း သတိပေးကြေညာချက် ထုတ်ပြန်ခဲ့သည်။ ထိုနေ့မတိုင်မီက CDM မလုပ်သော ဝန်ထမ်းများအား ဗုံးကြဲခဲ့ကြောင်းထုတ်ပြန်ခဲ့ပြီး ဒဏ်ရာရရှိခဲ့သူများ ရှိသော်လည်း အတည်မပြုနိုင်သေးကြောင်းကြေညာခဲ့သည်။ ***(အုတ်ဖိုမြို့ကစစ်ကောင်စီခန့်အုပ်ချုပ်ရေးမှူးများနှင့် Non-CDM ဝန်ထမ်းများကို ယနေ့မှစပြီး ၅ ရက်အတွင်း မနုတ်ထွက်ပါကတိုက်ခိုက်တော့မည်ဟု ဖတပအ သတိပေး, 2022)***

လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် တော်လှန်ရေးအဖွဲ့အစည်းများသည် လုပ်ငန်းခွင်မှ မစွန့်ခွာကြသူများအပေါ် လူ့အခွင့်အရေးကို ချိုးဖောက်သည့် အမုန်းတရားအခြေပြုသော အသုံးအနှုန်းများနှင့် လုပ်ရပ်များကို မပြုလုပ်သင့်ကြောင်း မေ့လျော့သွားတတ်ကြသည်။ အထူးသဖြင့် ဂျီနီဗာကွန်ဗင်းရှင်း၏စတုတ္ထမြောက်အချက်အရ အရပ်သားများအပေါ် တိုက်ခိုက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်းတို့ကို ဘယ်သောအခါမှ မပြုလုပ်ရပါ။ အုပ်ချုပ်ရေးယန္တရားကိုဖြိုဖျက်ရန်အတွက်ဤယန္တရားတွင် ဆက်လက်လုပ်ကိုင်နေသူများကို ထွက်ခွာရန်ပြောဆိုသည့်အခါ ဂျီနီဗာကွန်ဗန်းရှင်းအရအချက်အလက်များကိုထည့်သွင်းစဉ်းစားဖို့လိုပါသည်။ လက်တွေ့ကျကျဆိုပါက လုပ်ငန်းခွင် မစွန့်ခွာသူများသည် အရပ်သားများသာဖြစ်ပြီး ၎င်းတို့သည် 'လက်နက်ကိုင်၍ စစ်ပွဲတွင် တိုက်ခိုက်တိုက်ပွဲဝင်သူများ' မဟုတ်သည့်အတွက်ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများပြုလုပ်၍မရပါ။ ဂျီနီဗာကွန်ဗန်းရှင်း၏ တတိယမြောက်အချက်အရ စစ်သုံ့ပန်းများကိုပင်လျှင် တဘက်မှဖမ်းဆီးမိသည့်အခါ နှိပ်စက်ညှဉ်းပန်းခြင်း သို့မဟုတ် ဆိုးဝါးစွာဆက်ဆံခြင်းပြု၍မရပါ။ ထို့ကြောင့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များမှ လုပ်ငန်းခွင်မှမစွန့်ခွာသူများနှင့်ပတ်သက်၍ ကြေညာချက်များထုတ်သည့်အခါ ဂျီနီဗာကွန်ဗန်းရှင်း၏ လုပ်ပိုင်ခွင့်များအတိုင်း လုပ်ဆောင်သင့်ပါသည်။

## နိဂုံး

ပဋိပက္ခကာလများအတွင်း လူတို့၏ အတွေးအခေါ်နှင့် ခံယူချက်များသည် ငြိမ်းချမ်းရေးကာလအတွေးအခေါ်များနှင့် မတူကွဲပြားနိုင်သည်။ လက်ရှိ နွေဦးတော်လှန်ရေးကဲ့သို့ ပဋိပက္ခနှင့်စစ်ပွဲကာလတွင် လူတို့သည် “သူတို့ နှင့် ငါတို့”ဟူသည့် အတွေးအခေါ်ဖြင့်သာ ရှုမြင်လေ့ရှိကြပြီး တော်လှန်ရေးကိုထိခိုက်ပျက်ပြားစေသည့် စစ်ကောင်စီကို ထောက်ခံသူအစုများနှင့် တော်လှန်ရေးကို လိုလားပြီး ပင်မတော်လှန်ရေးအင်အားစုကို ထောက်ခံသူ တော်လှန်ရေးသမားများဟူသည့် အစုအဖွဲ့ ၂ ခုသာ ရှိသည်ဟု မှတ်ယူကြသည်။ သို့ဖြစ်၍ NUG သို့မဟုတ် CRPH ကို မထောက်ခံသူများသည် စစ်ကောင်စီကို ထောက်ခံနေကြသည်ဟု တရားသေမှတ်ယူကြသည်။ ဤနွေဦးတော်လှန်ရေးသည် ကမ္ဘာတဝှမ်းရှိ အခြားသောတော်လှန်ရေးများကဲ့သို့ပင် လူတို့၏ခံယူချက်သည် အချိန်နှင့်အခြေအနေအရ ပြောင်းလဲနိုင်သောကြောင့် အဖြူအမည်းပန်းချီကားတခုအဖြစ်ပုံသေမှတ်ယူ၍ မရပါ။ စာရေးဆရာ မောင်မြင့်ဇော် ***(Zaw, 2014)*** ၏ အဆိုအရ ငြိမ်းချမ်းသည့်ကာလများတွင် ဆန့်ကျင်ဘက်အုပ်စုများအကြား ပြဿနာများ၏ မူလဇစ်မြစ်နှင့် ဖြေရှင်းနည်းများကို ဆွေးနွေးလေ့ရှိကြသည်။ သို့ရာတွင်ပဋိပက္ခကာလများအတွင်းတွင်မူ လူများက အဆုံးသတ်ရလဒ်သည်သာ အရေးကြီးဆုံးဟု ထင်မြင်ကြပြီး မည်သည့်လမ်းကိုမဆို၊ ရက်စက်ကြမ်းကြုတ်သောလမ်းများကိုပင် လိုချင်သောအဆုံးရလဒ်ကို ရရှိရန် အသုံးပြုမည်ဟု တွေးခေါ်ကြသည်။ ငြိမ်းချမ်းသောကာလတွင် “မည်သည့်အုပ်စုတွင်မဆို ကွဲပြားမှုများရှိသည်” ဟူသော အယူအဆကို သိသာထင်ရှားစွာ လက်ခံလေ့ရှိသည်။ သို့သော် ပဋိပက္ခကာလ အတွေးအခေါ်များတွင် ဆန့်ကျင်ဘက်အုပ်စုသည် ပုံစံတခုတည်းနှင့် ယုံကြည်ချက်တခုအောက်တွင် ရှိနေသည်ဟု ထင်မြင်ယူဆမှုများ ပြောင်းလဲသွားလေ့ရှိသည်။

ဤနွေဦးတော်လှန်ရေးတွင် အထက်ပါ အယူဝါဒများသည် ပြည်သူလူထုကို သာမက တော်လှန်ရေးတွင် ဦးစီးဦးဆောင်ပြုနေသော အစုအဖွဲ့များဖြစ်သည့်CRPH၊ NUG၊ NUCC နှင့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကိုပင်လျှင်လွှမ်းမိုးနိုင်သဖြင့် လုပ်ငန်းခွင်မစွန့်ခွာသည့် ဝန်ထမ်းများကို အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် မပါဝင်သောကြောင့် ဟူ၍ ပစ်မှတ်ထား အရေးယူမှုများ၊ ခြိမ်းခြောက်ပြောဆိုမှုများ

သတ်ဖြတ်မှုများကို ပိုမိုဦးတည်လာစေသည်။ ထို့အပြင် လူထုအပေါ် ဩဇာလွှမ်းမိုးမှု ကြီးမားသော လူမှုကွန်ယက်စာမျက်နှာမှ ထင်ရှားကျော်ကြားသူများသည်လည်း ဝန်ထမ်းများ အားလုံး အလုပ်မှထွက်ခွာလျှင် စစ်ကောင်စီကို ဖြုတ်ချနိုင်သည်ဟူသောအယူဝါဒကို လက်ခံကာ လုပ်ငန်းခွင်စွန့်ခွာရန် တွန်းအားပေးမှုများ ရှိနေသည်။ သို့သော်တခါတရံတွင် တော်လှန်ရေးအပေါ် ပုဂ္ဂိုလ်ရေးအမြင်များသည် ဘက်လိုက်မှုရှိနိုင်ပြီး နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများ၏ စည်းမျဉ်းများနှင့် စည်းဘောင်များမှ သွေဖယ်ကာ တော်လှန်ရေးကို အနှောင့်အယှက်ဖြစ်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

အကယ်စင်စစ် “ဒလန်” ဟုခေါ်သည့် သတင်းပေးသူများသည် တော်လှန်ရေးအတွက် အန္တရာယ်အဖြစ်ပြည်သူများမှ ရှုမြင်ကြသည်မှာ အမှန်ပင်ဖြစ်သည်။ “Non-CD-Mers” ဟုခေါ်သော လုပ်ငန်းခွင်စွန့်ခွာခြင်းမပြုသူများသည်လည်း တော်လှန်ရေးကို နှေးကွေးစေသည်ဟုမြင်ကြသည်မှာငြင်းဆိုစရာမရှိပါ။ သို့သော်လည်း ဒလန်များနှင့် လုပ်ငန်းခွင်မစွန့်ခွာသူများကို တတန်းတည်းထား သတ်မှတ်၍မရပါ။ အလားတူစွာ ထိုသူများအပေါ်အမုန်းတရားအခြေပြုရက်စက်စွာသတ်ဖြတ်ခြင်း၊ အပြစ်ပေးခြင်းများ ကျူးလွန်၍ မရပါ။ အကြောင်းအရာတခုတွင် အမြဲတမ်း ဘက်နှစ်ဘက်ရှိနေသည်ကို သတိရှိရမည်ဖြစ်သည်။ မည်သူ့ကိုမဆိုအရေးယူဆောင်ရွက်မှုများ ပြုလုပ်မည်ဆိုလျှင် မှန်ကန်သော စည်းမျဉ်းစည်းကမ်းများအောက်တွင် စေ့စေ့စပ်စပ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး ဂျီနီဗာကွန်ဗန်းရှင်းအရ ဖြောင့်မတ်ထိရောက်သော အရေးယူမှုများ ပြုလုပ်သင့်သည်။ ထို့ကြောင့် ဒလန်ပြဿနာများပေါ်လာလျှင် အရေးယူနိုင်မည့် တိကျခိုင်မာသည့် လမ်းစဉ်များ၊ မူဝါဒများကို ပင်မတော်လှန်ရေးအင်အားစုမှ အဖြေရှာသင့်သည်။

ပင်မတော်လှန်ရေးအင်အားစု၊ တော်လှန်ရေးအဖွဲ့များ၊ လူမျိုးစုတော်လှန်ရေးအင်အားစုများ၊ လူမှုကွန်ယက်မှဩဇာလွှမ်းမိုးသူများနှင့် ပြည်သူအားလုံးတွင် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုနှင့်ပတ်သက်၍ ၎င်းတို့၏ ကိုယ်ပိုင်အမြင်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ယုံကြည်ချက်များ ရှိကြသည်။ သို့ဖြစ်၍ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုသည်တော်လှန်ရေး အောင်မြင်မှုဆီသို့ တွန်းပို့နိုင်သည့် အချက်များထဲမှ တခုသာဖြစ်ကြောင်း အသိရှိရန် လိုအပ်ပါသည်။ လုပ်ငန်းခွင်မှစွန့်ခွာခြင်းသည် စစ်ကောင်စီ၏ ယန္တရားကို နှေးကွေးစေမည်မှာ အမှန်ပင်ဖြစ်သော်လည်း လက်တွေ့တွင်မူ လူတဦးတယောက်ချင်းစီသည် ၎င်းတို့၏ လုပ်ငန်းခွင်အားလုံးမှ ထွက်ခွာရန်မှာ မဖြစ်နိုင်ပေ။ ထို့ကြောင့် ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို အလုံးစုံဖြည့်ဆည်းပေးနိုင်မှု မရှိသေးသ၍ လုပ်ငန်းခွင်စွန့်ခွာ၍ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ရန် ပြည်သူများအား ဖိအားပေးခြင်းသည် ဤတော်လှန်ရေးအောင်မြင်ရန်အတွက် အဓိက အဖြေမဟုတ်ပါ။

ထို့အပြင် အထက်တွင်ဖော်ပြထားသည့်အတိုင်း ပင်မတော်လှန်ရေးအင်အားစုအဖွဲ့၏ လုပ်ငန်းခွင်စွန့်ခွာသူများနှင့် မစွန့်ခွာသူများအပေါ် အမုန်းပွားစေသည့် ကြေညာချက်များသည် လုပ်ငန်းခွင်မှစွန့်ခွာသူများနှင့် လုပ်ငန်းခွင်တွင်ဆက်လက်လုပ်ကိုင်နေသူများအကြား လေဟာနယ်အကွာအဝေးကိုသာကျယ်ပြန့်သွားစေနိုင်သည်။ လူ့ဂုဏ်သိက္ခာအရနှင့် လက်တွေ့အရ အန္တရာယ်ကြီးမားသော စကားလုံးအသုံးအနှုန်း

များနှင့် အမုန်းတရားအခြေခံသော ကြေညာချက်များသည် အနာဂတ်တွင် အကျိုးဆက်များစွာရှိနိုင်သောကြောင့် ယင်းတို့ကို လွယ်လွယ်ကူကူ ပုံဖော်ပြောဆိုမှုမျိုးမလုပ်သင့်ကြောင်း တိုက်တွန်းလိုပါသည်။ CRPH၊ NUCC နှင့် NUG တို့သည် ဤတော်လှန်ရေးကို ဦးဆောင်နေသည့်တော်လှန်ရေးအင်အားစုများအနက်မှ တခုဖြစ်သည့်အပြင် ကြားကာလအစိုးရအဖြစ် ဖွဲ့စည်းထားသည့်အတွက် ၎င်းတို့သည် လူထုကို လွှမ်းမိုးနိုင်စွမ်းရှိနေသည်။ သို့ဖြစ်ပါ၍ ၎င်းတို့၏ တွေ့ဆုံမေးမြန်းခန်းများနှင့် ကြေညာချက်များမှ ပြောဆိုချက်များသည် တော်လှန်ရေးကို ကြီးမားသောအတိုင်းအတာတခု အထိသက်ရောက်မှုရှိနိုင်ကြောင်း သတိချပ်သင့်ပါသည်။

နွေဦးတော်လှန်ရေး ၂နှစ်နီးပါးကြာပြီးနောက်တွင် ပင်မတော်လှန်ရေးအင်အားစုသည်နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ၊ လူမျိုးစုတော်လှန်ရေးအင်အားစုများနှင့် ပြည်သူများ၏အသံများကို လက်ခံလာသည်ကိုတွေ့ရသည်။ ပင်မတော်လှန်ရေးအင်အားစုသည် တော်လှန်ရေးအပေါ် စိတ်အားထက်သန်မှုနှင့် တော်လှန်ရေးကို နိုင်လိုသော စိတ်ဆန္ဒဖြင့် အစောပိုင်းတွင် အာဏာဖီဆန်ရေးလှုပ်ရှားမှုအပေါ် ကြေညာချက်များစွာ ပြုလုပ်ခဲ့သည်။ သို့သော်လည်း "လုပ်ငန်းခွင်မှ စွန့်ခွာသွားသော ဝန်ထမ်းများအားလုံးသည် ဤတော်လှန်ရေးကို ဖျက်စီးပစ်နေသူများမဟုတ်သကဲ့သို့ အသွင်ကူးပြောင်းရေးကာလတွင် အပြစ်ပေးအရေးယူခြင်းများပြုလုပ်ရန် စိစစ်ရမည်"ဟူသည့် သဘောတူညီချက်သည် တော်လှန်ရေးနှင့် သက်ဆိုင်သူများအကြား မျှော်လင့်ချက်တခုအဖြစ်စတင်လာသည်ကို တွေ့နိုင်သည်။ စည်းမျဉ်းစည်းကမ်းများသေချာစွာ မချမှတ်ရသေးသောကြောင့် တော်လှန်ရေးအဖွဲ့အချို့ကြားတွင် လူ့အခွင့်အရေးချိုးဖောက်မှုအချို့ ဖြစ်ပွားနေသေးသော်လည်း သက်ဆိုင်သူများမှ အထက်ပါသဘောတရားကို တစတစ စတင်လက်ခံလာပြီဖြစ်၍ ရှေ့ဆက်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကို လျှော့ချနိုင်မည်ဟု ယုံကြည်ပါသည်။ ဤသည်မှာ အနာဂတ်တွင် အားလုံးပါဝင်နိုင်သော၊ တန်းတူညီမျှပြီး တရားမျှတသော လူ့အဖွဲ့အစည်းတရပ်ကို တည်ဆောက်နိုင်ရန် ကောင်းသောအစပြုခြင်းဖြစ်ပြီး ဤနွေဦးတော်လှန်ရေးအတွက် မျှော်လင့်ချက်အလင်းရောင် တခုဖြစ်သည်ဟုဆိုနိုင်ပါသည်။

## အတိုကောက်စကားလုံးများ

| | |
|---|---|
| GS–CDMers | လုပ်ငန်းခွင်စွန့်ခွာသည့် အစိုးရဝန်ထမ်းများ |
| Non–CDMers | လုပ်ငန်းခွင်မစွန့်ခွာသည့် အစိုးရဝန်ထမ်းများ |
| ၅၀၅ (က) | အစိုးရဝန်ထမ်းတဦးအား ပြစ်မှုကျူးလွန်စေရန်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း<br>"၅၀၅–က။ မည်သူမဆို–<br>(က) အများပြည်သူတို့အား သို့တည်းမဟုတ် ပြည်သူတစုအား အထိတ်တလန့်ဖြစ်စေလျှင် သို့တည်းမဟုတ် ထိတ်လန့်စေရန်ကြံရွယ်လျှင်<br>(ခ) မမှန်ဟုသိလျက်နှင့် သို့တည်းမဟုတ် မမှန်ဟုယုံကြည်လောက်အောင်အကြောင်းရှိလျက်နှင့် မမှန်သတင်းကိုဖြန့်ဝေလျှင် သို့တည်းမဟုတ် ဖြန့်ဝေစေရန်ကြံရွယ်လျှင်<br>(ဂ) အစိုးရအရာထမ်း အမှုထမ်းများကိုဖြစ်စေ၊ အစိုးရအရာထမ်းအမျိုးအစားတခုကိုဖြစ်စေ၊ အစိုးရ အရာထမ်းအမှုထမ်းတဦးတယောက်ကိုဖြစ်စေ၊ ရာဇဝတ်အပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုကို ကျူးလွန်ရန် သို့တည်းမဟုတ် လှုံ့ဆော်ရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်လျှင် သို့တည်းမဟုတ် ထိုသို့ ကျူးလွန်စေရန် ကြံရွယ်လျှင် ထိုသူကို ၃နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်၂ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ |
| ပင်မတော်လှန်ရေး အင်အားစု | ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ(NUCC)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့ပါဝင်သည်။ |
| ဂျီနီဗာကွန်ဗန်းရှင်း | ဂျီနီဗာသဘောတူညီချက်များနှင့် ၎င်း၏ ထပ်လောင်းပရိုတိုကောများသည် နိုင်ငံတကာဥပဒေတစ်ခုဖြစ်ပြီးလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေဟုလည်းလူသိများသောလက်နက်ကိုင်ပဋိပက္ခများ၏ သားကောင်ဖြစ်ရသူများအပေါ်ကာကွယ်မှု၊ လူသားဆန်စွာဆက်ဆံမှုစံနှုန်းများနှင့် လေးစားမှုများကို အနိမ့်ဆုံးအနေဖြင့်အခြေခံအာမခံချက်များပေးရန်ဖြစ်သည်။ |

## ရည်ညွှန်းအကိုးအကား


- "အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်အဖွဲ့အစည်းများကြေညာခြင်း". (2021, June 18). From အမျိုးသားညီညွတ်ရေးအစိုးရ NUG: https://gov.nugmyanmar.org/my/2021/06/18/%E1%80%A1%E1%80%80%E1%80%BC%E1%80%99%E1%80%BA%E1%80%B8%E1%80%96%E1%80%80%E1%80%BA%E1%80%99%E1%80%BE%E1%80%AF%E1%80%90%E1%80%AD%E1%80%AF%E1%80%80%E1%80%BA%E1%80%96%E1%80%BB%E1%80%80%E1%80%BA/
- Announcement (4/2021). (2021, June 18). From National Unity Government: https://gov.nugmyanmar.org/2021/06/18/announcement-4-2021/
- Announcement (4/2021). (2021, June 18). From National Unity Government: https://gov.nugmyanmar.org/2021/06/18/announcement-4-2021/
- Aung Myo Min. (2022, December 4). From Facebook: https://www.facebook.com/aung.m.min.9/posts/pfbid08FQuVbNysrzvCp4dwWdzb2Z22biNfXVbAd5UhxxGaZgiUF-CQLQtxvhNCdhVPturUl?__cft__[0]=AZXBUW9vRC0joKjTN2l4OcofD4tuMxNmaOePRX-nAhU_gudj0Zct_HPCzRTWGL5KjOyWHsxcIJCwAavE6whODq3VMGYQqEeQ5PCJ9yID_zm-DaiEWXuejCRh9YGt8fr47_
- CDM ဆရာဝန်များကို ဖမ်းဆီးရန် ညွှန်ကြားသည်ဟုဆိုကာ ဒေါက်တာခင်ခင်ကြီး သတိပေးခံရ. (2022, March 23). From The Irrawaddy-Burmese Edition: https://www.facebook.com/theirrawaddyburmese/posts/5516639171713523
- Facebook. (2022, March 23). From Zaw Wai Soe : https://www.facebook.com/zawwai.soe/posts/pfbid038GQPScj3X8AfhkSTQSrcn1j8DkSKyCiQZF75SQcGNLjgTSM-SH8agvApHGSxDzPKVl?__cft__[0]=AZUO3dbxGAPRDjKIB9DQ6skm-b-_Uknl-LRemVX-adOoBk2Iva07Z4l01qdQ8uwz7AbPNGh2wdJ3GQBW5MnfL-rC9XhB9_Ztr55dMK4JjsPR-bKg&__tn__=%2CO%2CP-R
- Htike, N. (2021, March 5). CDM ဝန်ထမ်းတွေအတွက် နောက်ဆုံးအကြိမ် ခေါ်ဆိုခြင်းပါ။. From https://www.facebook.com/travelbynawhtike/posts/pfbid038EYBoETm7HPDMyXhkx-RaqgmAmzfZY2qSyP3zhJTj9QAxi1iWaBMTujC7hF5yHrhzl
- Interview with NUG Minister U Lwin Ko Latt – Radio NUG. (2022, September 19). From https://www.youtube.com/watch?v=MHg9L4TeHdM
- MPA interview with Dr. Miemie Winn Byrd. (2022, December 18). From Myanmar PressPhoto Agency: https://www.facebook.com/mmpressphoto/videos/672820507856071/?__tn__=%2CO
- Myanmar's National Unity Government Promises to Support Striking Civil Servants. (2021, May 6). From The Irrawaddy: https://www.irrawaddy.com/news/burma/myanmars-national-unity-government-promises-support-striking-civil-servants.html

- Naing, M. K. (2021, February 14). From https://www.facebook.com/watch/?ref=saved&v=177502860477056
- Naing, M. K. (2021, February 10). From https://www.facebook.com/watch/?ref=saved&v=827144434533999
- Statement Informing the Right of Citizens to Practice Self-defense in Response to Terrorist Violence. (2021, March 14). From Committee Representing Pyidaungsu Hluttaw: https://www.crphmyanmar.org/statement-informing-the-right-of-citizens-to-practice-self-defense-in-response-to-terrorist-violence/
- Thu, P. P. (2021, February 21). From https://www.facebook.com/watch/?ref=-search&v=250567869870895&external_log_id=d9967b9d-dede-4965-9330-91125464b469&q=%E1%80%95%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%96%E1%80%BC%E1%80%AD%E1%80%AF%E1%80%B8%E1%80%9E%E1%80%AF%20cdm
- Top Favourites. (2021, February 25). From Facebook: https://www.facebook.com/100063534475534/videos/245002417106184/?__tn__=%2CO
- Zaw, M. M. (2014). မြန်မာ့လူ့ဘောင်ငြိမ်းချမ်းရေးအတွက်အရေးကြီးတဲ့စကားလုံးများ (Vol. Second).NgaWun Publishing.
- စစ်ကောင်စီမှ ဝန်ကြီးဆိုသူ သက်သက်ခိုင် ဦးစီးကျင်းပတဲ့ အွန်လိုင်း Zoom အစည်းအဝေးမှာ "မုဒိမ်းစစ်တပ် အမြစ်ဖြုတ်" ၊"လုံး၀ အုပ်ချုပ်ခွင့် မရစေရ" စာသားများဖြင့် ဝင်ရောက် ဆန္ဒပြ. (2022, November 25). From Yangon Khit Thit Media: စစ်ကောင်စီမှ ဝန်ကြီးဆိုသူ သက်သက်ခိုင် ဦးစီးကျင်းပတဲ့ အွန်လိုင်း Zoom အစည်းအဝေးမှာ "မုဒိမ်းစစ်တပ် အမြစ်ဖြုတ်"၊"လုံး၀ အုပ်ချုပ်ခွင့် မရစေရ" စာသားများဖြင့် ဝင်ရောက် ဆန္ဒပြ
- စစ်အာဏာရှင်ယန္တရားကို ဖြိုဖျက်ရန်ပြည်သူလူထုCDM က အရေးကြီးဆုံးဟုအခြေခံပညာရေး ညီလာခံမှကိုယ်စားလှယ်ပြော. (2022, May 23). From People's Spring: https://www.facebook.com/LuduNwayOo/posts/pfbid02PRKG6mKivJmzPL1otGgo4L4virfooyKBvNQV2et-bLGMCmxWqYg14649fWbyjkZY9l
- တမူးမှ အမျိုးသမီးကို သတ်ဖြတ်ခဲ့သည့် PDF များအား NUG အရေးယူမည်ဟု ဆို. (2022, December 5). From Myanmar Now: https://myanmar-now.org/mm/news/13390
- နွေဦးထီရောင်းရငွေနဲ့ CDM ဝန်ထမ်းတွေကို ထောက်ပံ့မယ့်အကြောင်း NUG ပြော. (2021, August 24). From Radio Free Asia: https://www.rfa.org/burmese/news/nug-will-support-cdm-staff-with-spring-lottery-money-08242021073942.html
- ပန်ဆယ်လို. (2022, June 17). From https://www.facebook.com/AuthorPencilo/posts/pfbid02AHMsCC9pSpkuEWHCuos3EPM9RPDWS7Ka3aiYE5zptvZndkCw8NKmkAcsPo8Hsa-Z6l
- ပန်ဆယ်လို. (2022, October 7). From https://www.facebook.com/AuthorPencilo/posts/pfbid02SE9jM9cG39SeuRtjxjb4LbzgKCYGM36Xmnd7nb2r2uzGiDBNUxs1zXs2mrF7yyrYl
- ပြည်သူ့ရဲနှင့် တပ်မတော်သားများကို ကူညီစောင့်ရှောက်ရေး. (2021, September 5). From ပြည်သူ့ရင်ခွင် - People's Embrace: https://www.facebook.com/PeoplesEmbrace/posts/pfbid02V7Lx2SEW6rNULoXSV51QCz8qkszHcQsawrXrRVsqxidYrWg4dc1FGpCBgfciQiDrl?__cft__[0]=AZXVMUYOOThX4sOrbIKcPEHzS52xQFb2Zf-t7jUSTBjDUTNTmp0qEF7sY-izoMYatOZSeka_8FY6PdZjTRMUgQgiabNRRDnsWY4AoAcYJenWDKEqEan26AMVPY-Suz
- ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်များနှင့် ဘဏ်ဝန်ထမ်းများ CDM လှုပ်ရှားမှုဆက်တိုက်ပွဲဝင်ရန် CRPH တိုက်တွန်း. (2021, March 24). From Democratic Voice of Burma: https://burmese.dvb.no/archives/453546
- ဗိုလ်သံမဏိအဖွဲ့ လူသတ်မှုကို NUG ၏ကိုင်တွယ်ပုံ ဝေဖန်ခံနေရ. (2022, September 14). From Myanmar Now: https://www.myanmar-now.org/mm/news/12612

- ဘဏ်လုပ်ငန်းရှင်တွေက CDM ဝန်ထမ်းတွေကို ဖိနှိပ်တာတွေမလုပ်ဖို့ NUG သတိပေး. (2021, December 22). From Radio Free Asia: https://www.facebook.com/rfaburmese/posts/10161554762513128
- မန္တလေးမှ ပုဂ္ဂလိကဆေးရုံ ၅ ခု အပိတ်ခံရ. (2022, December 28). From Myanmar Now: https://myanmar-now.org/mm/news/13597
- မြန်မာ့မီးရထားမှ စစ်ကောင်စီသတင်းပေးဟုစွပ်စွဲခံရသော Non – CDM ဝန်ထမ်း ထိန်ဝင်း (ခ) ရန်ကင်းမောင်ကို ပစ်သတ်သွားသည့် ဗီဒီယိုထွက်ပေါ်. (2021, October 24). From Myanmar Khit Thit Media: https://www.facebook.com/khitthitnews/posts/1330476897389653
- လေယာဉ်၊ ရဟတ်ယာဉ်၊ တိုက်ရေယာဉ်နှင့်တကွ ပြည်သူ့ရင်ခွင်သို့ ခိုလှုံလာလျှင် ဆုငွေ အမေရိကန်ဒေါ်လာ ၅ သိန်းချီးမြှင့်မည်ဟု NUG ထုတ်ပြန်. (2022, April 7). From The 74 Media : https://www.facebook.com/The74Media/posts/534416761411183
- သူနာပြုဆရာမတစ်ဦး စစ်ကြောရေးတွင် သေဆုံးဟု CDM ဆရာဝန်များပြော . (2022, November 16). From Myanmar Now: https://myanmar-now.org/mm/news/13214
- အမိန့်ကြေငြာချက် ၃/၂၀၂၁. (2021, March 14). From Ministry of Health, National Unity Government of Myanmar: https://www.facebook.com/MoHNUGMyanmar/posts/112860660873549
- အမိန့်ကြေညာစာအမှတ် (၂/၂၀၂၁). (2021, March 16). From Committee Representing Pyidaungsu Hluttaw: https://www.facebook.com/crph.official.mm/posts/135450295247617
- အရှိန်လျော့ကျလာတဲ့ အာဏာဖီဆန်ရေးလှုပ်ရှားမှု. (2022, 4 26). From Radio Free Asia: https://www.rfa.org/burmese/program_2/analysis-on-latest-situation-of-cdm-04262022063531.html
- အလုပ်သမားဝန်ကြီးဌာန. (2021, March 21). From Committee Representing Pyidaungsu Hluttaw: https://www.facebook.com/crph.official.mm/posts/138276044965042